http://www.dhammadownload.com

(ချမ်းမြေ့) အရှင်ဇနကာ

# ဒါရုက္ခန္ဓောပမ သုတ္တန်

## တရားတော်

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၄၂ | ၁၃၆၀ | ၁၉၉၈ |

http://www.dhammadownload.com

http://www.dhammadownload.com

## (ချမ်းမြေ့) အရှင်ဇနက

# ဒါရုက္ခန္ဓောပမ သုတ္တန်

## တရားတော်


| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၄၂ | ၁၃၆၀ | ၁၉၉၈ |

http://www.dhammadownload.com

## ကြိုးစားကြစို့

လူ့နတ်ဗြဟ္မာ၊ သတ္တဝါတို့
များစွာကျိုးရ၊ ချမ်းသာလှသည့်
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်
ရှည်ကြာတည်တံ့၊ ရှည်နိုင်ခံ့၍
ပျံ့နှံ့တိုးပွား၊ ကျင့်သူများလျက်
ရပြားချမ်းသာ၊ ချမ်းမြေ့သာအောင်
ညီညာတို့များ၊ တာဝန်ထား
ကြိုးစားကြပါစို့ ။ ။

(ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်)

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ✱ ဒါရုက္ခန္ဓော ပဌမ သုတ္တန် တရားတော်မှ ခမ္မ ကဗျာများ | |
| | ✱ နိဒါန်း | |
| | ✱ ဒါရုက္ခန္ဓောပဌမသုတ္တန်တရားတော် | ၁ |
| ၁။ | မဂ္ဂင်ရေယဉ်ကြော မျှောနေကြသည် | ၁ |
| ၂။ | ဗုဒ္ဓမြတ်စွာသီတင်းသုံးတော်မူပုံ | ၅ |
| ၃။ | ကြည်ညိုစရာ ဗုဒ္ဓမြတ်စွာ | ၉ |
| ၄။ | သစ်တုံးသမုဒ္ဒရာမရောက်ခြင်း၏အပြစ်(၈)ချက် | ၁၂ |
| ၅။ | ရဟန်းတို့ နိဗ္ဗာန်မရောက်ခြင်း၏အန္တရာယ် (၈)ချက် | ၁၃ |
| ၆။ | ဤဘက်ကမ်းတင်ခြင်းဘေး | ၁၅ |
| ၇။ | ဟိုဘက်ကမ်းတင်ခြင်းဘေး | ၁၇ |
| ၈။ | ရေလယ်မြုပ်ခြင်းဘေး | ၁၉ |
| ၉။ | နန္ဒီရာဂရဲ့သဘော | ၁၉ |
| ၁၀။ | သောင်ပေါ်တင်ခြင်းဘေး | ၂၁ |
| ၁၁။ | သံချေးနှင့်တူသော မာန | ၂၂ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၂။ | မာနပယ်လိုလျှင် အနိစ္စာ နုပဿနာကို ပွား | ၂၃ |
| ၁၃။ | လူဆယ်ခြင်းဘေး | ၂၄ |
| ၁၄။ | လူကို လူက ဆယ်ခြင်းဘေး | ၂၆ |
| ၁၅။ | နတ်ဆယ်ခြင်းဘေး | ၂၈ |
| ၁၆။ | ဝဲစုပ်ခြင်းဘေး | ၃၀ |
| ၁၇။ | အတွင်းပုပ်ခြင်းဘေး | ၃၁ |
| ၁၈။ | ဝိပဿနာယောဂီများ သိရတဲ့ သစ္စာလေးပါး | ၃၆ |
| ၁၉။ | သိလွယ်ဖို့ရာ ဥပမာများ | ၄၂ |
| ၂၀။ | ဤဘက်ကမ်းတင်သူ မသုဓာ | ၄၄ |
| ၂၁။ | အလှပြင်နည်းနှစ်မျိုး | ၄၆ |
| ၂၂။ | ရုပ်ကိုအလှပြင်ပုံ | ၄၇ |
| ၂၃။ | စိတ်ကိုအလှပြင်ပုံ | ၄၇ |
| ၂၄။ | ရုပ်လှချင်လို့ဆင်းရဲရ | ၄၈ |
| ၂၅။ | စိတ်အလှပြင်မှ ချမ်းသာရ | ၅၀ |
| ၂၆။ | စိတ်အလှပြင်ပါ | ၅၂ |
| ၂၇။ | ဒကာ ဒကာမများ စိတ်အလှပြင်နည်း | ၅၂ |
| ၂၈။ | သံဃာတော်များ စိတ်အလှပြင်နည်း | ၅၃ |
| ၂၉။ | အဆင့်မြင့်ဆုံးနည်းဖြင့် စိတ်အလှပြင်လိုလျှင် | ၅၄ |
| ၃၀။ | ဟိုဘက်ကမ်းတင်တဲ့ဒကာအေး | ၅၈ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၃၁။ | ရေလယ်မြုပ်တဲ့ ဦးတိုဿ | ၆၀ |
| ၃၂။ | နတ်ဆယ်မခံရအောင် ကျင့်ကြပါ | ၆၄ |
| ၃၃။ | နတ်ဆယ်ခံရတဲ့ ပတိပူဇိကာ | ၆၅ |
| ၃၄။ | နတ်တို့ဌာနေ | ၆၈ |
| ၃၅။ | လပ္ပတ္တာသဘော်ဝဲစုပ် | ၇၀ |
| ၃၆။ | ကာမဂုဏ်ဝဲဟာ ကြောက်စရာ | ၇၀ |
| ၃၇။ | ဝဲစုပ်ခံရတဲ့ သူဌေးသားလေးဦး | ၇၁ |
| ၃၈။ | လောဟကုမ္ဘီငရဲ | ၇၃ |
| ၃၉။ | 'ဒု' သူဌေးသားရဲ့ နောင်တတရား | ၇၃ |
| ၄၀။ | 'သ' သူဌေးသားရဲ့ နောင်တတရား | ၇၄ |
| ၄၁။ | 'န' သူဌေးသားရဲ့နောင်တတရား | ၇၅ |
| ၄၂။ | 'သော' သူဌေးသား၏ နောင်တတရား | ၇၅ |
| ၄၃။ | အပြစ်ကင်းစင်နိဗ္ဗာန်ဝင် | ၈၀ |
| ၄၄။ | ဆုတောင်းမေတ္တာ | ၈၇ |
| ၄၅။ | သတိပဋ္ဌာန်လမင်း | ၈၇ |
| ၄၆။ | သတိပဋ္ဌာန်၏ အကျိုး '၇' ပါး | ၈၈ |
| ၄၇။ | သတိပဋ္ဌာန် ရှုပုံအကျဉ်း | ၈၈ |
| ၄၈။ | တရားတိုးတက်ကြောင်း ၇ ပါး | ၉၁ |
| ၄၉။ | တရားဆုတ်ယုတ်ကြောင်း ၇ ပါး | ၉၁ |

http://www.dhammadownload.com

၅၀။ ယောဂီအင်္ဂါ = ပဓာနိယင်္ဂတရားငါးပါး ၉၂
၅၁။ သောတာပန်ဖြစ်ရန် အင်္ဂါလေးပါး ၉၂
၅၂။ အောင်မြင်ကြောင်းတရား ၉၂

http://www.dhammadownload.com

# ဒါရုက္ခန္ဓောပမ သုတ္တန်တရားတော်မှ ဓမ္မကဗျာများ

၁။ ကောသမ္ဗီနား၊ မြစ်ဖျားကမ်းတွင်
ရှင်တော်ဗုဒ္ဓ၊ မျှတနေစဉ်
ရဟန်းတော်ပေါင်း၊ ခညောင်းခိုက်ပင်
ထုတ်ဖော်ဟော၊ ရေမျောသစ်တုံးသွင်။

၂။ ဟိုဒီဘက်ကမ်း၊ သောင်ကမ်းမတင်
ရေလယ်မမြုပ်၊ ဝဲစုပ်မဝင်
လူနတ်ဆယ်ခြင်း၊ ပုပ်ခြင်းကင်းလျှင်
ပင်လယ်ထဲ၊ ရောက်မြဲအမှန်ပင်။

၃။ ဟိုဒီ ဘက်ကမ်း၊ သောင်ကမ်းမှာတင်
ရေလယ်တွင်မြုပ်၊ ဝဲစုပ်နစ်ဝင်
လူနတ်ဆယ်သွား၊ ပုပ်ပြားထဲတွင်
ပင်လယ်တွင်း၊ မဆင်းအမှန်ပင် ။

http://www.dhammadownload.com

# သိလွယ်ဖို့ရာ ဥပမာ

၁။ သစ်တုံးပမာ၊ ဤခန္ဓာ၊ မှန်စွာသိရမည်။

၂။ ဂင်္ဂါရေသွင်၊ ပညာပင်၊ ဉာဏ်တွင်သိရမည်။

၃။ ဂင်္ဂါမြစ်ဟာ၊ သံသရာ၊ ပမာတူလှသည်။

၄။ ပင်လယ်ပမာ၊ နိဗ္ဗာန်တာ၊ တူစွာသိရမည်။

၅။ အာယတနာ၊ တွင်းခြောက်ဖြာ၊ ဒီမှာဘက်ကမ်းမည်။

၆။ အာယတနာ၊ ပြင်ခြောက်ဖြာ၊ ဟိုမှာဘက်ကမ်းမည်။

၇။ နှစ်သက်တွယ်တာ၊ ရေလယ်မှာ၊ မှန်စွာမြုပ်တော့သည်။

၈။ မာနဝင်လျှင်၊ ထိုသူပင်၊ သောင်တင်လေတော့သည်။

၉။ လူနှင့်ရောပြွမ်း၊ ရှင်ရဟန်း၊ လူဖမ်းဆယ်တော့သည်။

၁၀။ နတ်ပြည်တောင့်တ၊ ကျင့်ကြံက၊ နတ်ကဆယ်တော့သည်။

၁၁။ အာရုံငါးပါး၊ တပ်မက်ကြား၊ မှတ်သားဝဲစုပ်သည်။

၁၂။ ကိုယ်ကျင့်မပါ၊ ဟန်ဆောင်တာ၊ တွင်းမှာပုပ်ဆွေးသည်။

၁၃။ အပြစ်ရှစ်ပါး၊ မကာင်းကြား၊ မသွားနိဗ္ဗာန်ပြည်။

၁၄။ အပြစ်ရှစ်ပါး၊ ကင်းလွတ်ကြား၊ ပြေးသွားနိဗ္ဗာန်ပြည်။

http://www.dhammadownload.com

## ရှုပ္ပားနည်းနှင့် အကျိုးတရား

၁၅။ အပြစ်ရှစ်ပါး၊ ကင်းလိုကြား၊ ရှုပွားနေရမည်။

၁၆။ မြင် ကြား နံ စား၊ တွေ့ သိများ၊ ရှုပွားနေရမည်။

၁၇။ ရှုပွားနေက၊ ထိုကာလ၊ လောဘမဖြစ်ပြီ။

၁၈။ လောဘကင်းလျှင်၊ စွဲလန်းစင်၊ ကံပင်မပြုပြီ။

၁၉။ ကံမပြုက၊ နောက်ဘဝ၊ မုချမရပြီ။

၂၀။ ဇာတိပြတ်လျှင်၊ ဆင်းရဲစင်၊ ပြေးဝင်နိဗ္ဗာန်ပြည်။

၂၁။ ပေါ်တိုင်းရှုပွား၊ ကျိုးတရား၊ ရကြားချမ်းသာအလီလီ။

## အနိစ္စနှင့် မာန

နှနယ်ရုပ်ဆင်း၊ ပို မွှစ်ခြင်းလည်း၊ အိုခြင်းနောက်ဆုံး ရှိချေတကား။

ရောဂါကင်းရှင်း၊ကျန်းမာခြင်းလည်း၊နာခြင်းနောက်ဆုံးရှိချေတကား။

ဇီဝိန်တင်းလင်း၊သက်ရှင်းခြင်းလည်း၊သေခြင်းနောက်ဆုံးရှိချေတကား။

ဥစ္စာစနေ၊ ပေါကြွယ်ဝလည်း၊ လျော့ကျနောက်ဆုံးရှိချေတကား။

http://www.dhammadownload.com

# အလှနှစ်မျိုး

၁။ ရုပ်လှစိတ်လှ၊ ဤနှစ်လှ၊ ဘယ်လှသာ၍ ချောသနည်း။

၂။ ရုပ်လှစိတ်လှ၊ ဤနှစ်လှ၊ စိတ်လှသာ၍ ချောသတည်း။

၃။ ရုပ်လှကိုသာ၊ ပြင်သူမှာ၊ ခုပါနောင်လည်း ဆင်းရဲမည်။

၄။ ရုပ်နာမ်အလှ၊ ပြင်ပါမှ၊ ခုလှနောင်ပါ ချမ်းသာမည်။

http://www.dhammadownload.com

# နိဒါန်း

တိုက်ဆိုင်မှု ---

မှန်ပါသည်။ တိုက်ဆိုင်မှုဟူ၍ပင် ပြောချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မကြာမီကမှ စာရေးသူကိုယ်တိုင် ပေး၍ ဖတ်ရှုခွင့်ရခဲ့သော အကြောင်းအရာနှင့် ဆင်တူသည့် ခရီးစဉ်တစ်ခု ထွက်ခွာခဲ့ရသောကြောင့် ဖြစ်ပါသည်။ ၁၉၉၅ ခု နိုဝင်ဘာလ ၇ ရက်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့တွင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားပြည်ပသာသနာပြုခရီးစဉ် ကြွရောက်ရာတွင် ထိုင်းတရားစခန်းအတွက် ဆရာတော်အား ကူညီရန် မိမိနှင့် နောင်တော်ချမ်းမြေ့အရှင်ဣန္ဒက တို့ပစ္ဆာသမဏများအဖြစ် လိုက်ပါဖို့ အခွင့်အရေးကြုံကြိုက်ခဲ့ပါသည်။ ဆရာတော်ဘုရားကတော့ လေးနိုင်ငံခရီးစဉ်ဖြစ်ပြီး မိမိတို့မှာ စင်္ကာပူနှင့် ထိုင်းနိုင်ငံသာ ဖြစ်သဖြင့် ဆရာတော်နှင့် တစ်ပါတည်းမလိုက်ရပဲ ဒီဇင်ဘာလ ၁၄ ရက်မှ ရန်ကုန်ချမ်းမြေ့ရိပ်သာကျောင်းမှ ရန်ကုန်လေဆိပ်၊ ထိုမှ MAI လေယာဉ်ဖြင့် နေ့လည်တစ်နာရီတွင် စင်္ကာပူသို့ ထွက်ခွာခဲ့ပါသည်။ အထက်တွင်ဆိုခဲ့သော တိုက်ဆိုင်မှုဆိုသည်မှာ ထိုအချိန်မှပင် စခဲ့သည်။

http://www.dhammadownload.com

မိမိမှာ ခရီးသွားလာတိုင်း ဖြစ်နိုင်လျှင် လေယာဉ်ခရီးကို ရှောင်ပါသည်။ ငယ်စဉ်ကပင် သစ်ပင်မြင့်မြင့်များကို မတက်ဝံ့သဖြင့် အမြင့်တိုင်းလိုလို ကြောက်ရွံ့ပါသည်။ ယခုလည်း ထိုအတိုင်းပင် မဝံ့မရဲပါ။ နောက်ဆုံးပေါ် ခေတ်မှီနည်းစနစ်များဖြင့် ဘယ်လိုပင် ပြုပြင်တည်ဆောက်ထားသော်လည်း အနိစ္စသဘောတရား မို့ ထာဝရမမြဲနိုင်ပါ။

မြေပြင်ရေပြင်မှာ ပတ်ဝန်းကျင်ကို မြင်နိုင်တွေ့နိုင်သော်လည်း ဝေဟင်ထဲတွင်တော့ အိမ်မြှောင်ကိုသာ အဓိက အားထားနေရသည်ဟု ထင်မိပါသည်။ အခြားနည်းစနစ်များ ရှိကောင်းရှိပါမည်။ မိမိအနေဖြင့်တော့ ကမ်းမမြင် လမ်းမမြင်ဟုပင် သဘောထားမိသည်။ လိုရာခရီးသို့ ဘေးမသီ ရန်မခပဲ ရောက်ဖို့ရန် စက်ပစ္စည်းကိရိယာ ချို့ယွင်းမှုကင်းရှင်းခြင်း၊ မောင်းနှင်သူ၏ ကျွမ်းကျင်ခြင်း၊ ခရီးသည်များ စည်းကမ်းလိုက်နာခြင်း အစရှိသဖြင့် အဖက်ဖက်က ပြည့်စုံမှသာ ခရီးဆုံးသို့ ရောက်ရှိနိုင်ပါလိမ့်မည်။ ရန်ကုန်မှ စင်္ကာပူခရီးစဉ်မှာ နေ့လည်ဖြစ်၍ တော်သေးသည်ဟု ဆိုရမည်ဖြစ်သော်လည်း စင်္ကာပူမှ ဘန်ကောက်ခရီးစဉ်တွင် လေယာဉ်ကလည်း ကြီးမား ညခရီးစဉ်လည်းဖြစ်ပြန်ဆိုတော့ မိမိစိတ်ထဲတွင် ရှင်တော်

http://www.dhammadownload.com

မြတ်ဘုရား၏ ဒေသနာတစ်ခုကို သတိရလိုက်မိပါ သည်။ ထိုဒေ သနာတော်ကား အခြားမဟုတ် ရန်ကုန်မြို့မှာရှိစဉ်တုန်းက ဖတ်ရှုလိုက်ရသော ယခုချမ်းမြေ့အရှင်ဣန္ဒက ဟောကြား၍ ဓမ္မဒါန ပြုလိုက်သည့် ဒါရုက္ခန္ဓောပမသုတ္တန်ဖြစ်ပါသည်။ ထိုသုတ္တန် ဒေသနာတော်ထဲတွင် ဥပမာ ဥပမေယျ နှစ်မျိုးပါရှိပါသည်။ ဥပမာ ဘက်တွင် ဂင်္ဂါမြစ်ရေကြော၌ မျော၍ ပါလာသော သစ်တုံးကြီးကို ရှင်တော်မြတ်ဘုရားက ရဟန်းတော်များကို လက်ညှိုးညွှန်ကာ အမေး အဖြေ သဘောမျိုးဖြင့် ဟောကြားသွားခြင်းဖြစ်ပါသည်။

**အနမတဂ္ဂေါယံ ဘိက္ခဝေ**

**သံသာရော ပုဗ္ဗကောဋိ န ပညာယတိ**

ဟူသော ရှင်တော်မြတ်ဘုရား၏ တရားတော်နှင့်အညီ သတ္တဝါမှန် သမျှ သုံးဆယ့်တစ်ဘုံတည်းဟူသော သံသရာထဲတွင် မျောပါနေ ကြရတယ် ရှင်တော်မြတ်ဘုရား၏ အဆုံးအမစကားတော်ကို ယုံကြည်လိုက်နာကြသူ ပုဂ္ဂိုလ်သတ္တဝါတို့အနေဖြင့် တစ်စထက် တစ်စ သံသရာခရီးဆုံးဖြစ်သော နိဗ္ဗာန်သို့ လွယ်ကူစွာ ရောက်နိုင် ကြပါသည်။ ရှင်တော်မြတ်ဘုရား၏ အဆုံးအမစကားတော်ကို မယုံကြည်မလိုက်နာသူများအဖို့ သံသရာရေယဉ်ကြောတွင် ပရမ်းပတာ မျောနေကြရပေလိမ့်မည်။

http://www.dhammadownload.com

ဘန်ကောက်လေဆိပ်သို့ လေယာဉ်အဆင်းတွင် ဘီးနှင့် လေယာဉ်ပြေးလမ်းထိ ချက်ကျကျ ထိတွေ့လိုက်သည့်အခါ မိမိတို့ ထိုင်ခုံနောက်ဘက်ဆီက ကောင်းချီးပေးဟန် လက်ခုပ်သံများ ကြားလိုက်ရသည်။ ထိုအချိန်မှာပင် ရှင်တော်မြတ်ဘုရား၏ မဟာ ကရုဏာတော်အနန္တကို သတိရအောက်မေ့မိပါသည်။ ဩော်--- ယခုလေယာဉ်မောင်းနှင်သူ တာဝန်ရှိပုဂ္ဂိုလ်များအနေနှင့် ခရီးသည်လေးရာကျော် စီးနင်းလိုက်ပါလာသည့် တန်သုံးရာနှစ် ဆယ်လေးသော လေယာဉ်ကြီးကို ခရီးဆုံးသို့ ဘေးမသီရန်မခ သက်သာညက်ညောစွာ ဆင်းသက်နိုင်ခဲ့လို့ ကောင်းချီးပေးတယ် ဆိုရင်ဖြင့် ပရိသတ်လေးရာကျော် မဆိုထားဘိ သတ္တဝါအနန္တတွေကို သံသရာခရီးဆုံးဖြစ်သော နိဗ္ဗာန်သို့ ပို့ဆောင်ပေးတော်မူသော ရှင် တော်မြတ်ဘုရားကိုဖြင့် ကောင်းချီးပေးသင့်သူ တကာတို့ထက် ကောင်းချီးပေးသင့်သော ပုဂ္ဂိုလ်ထူးစာစ်ပါးဟူ၍ အမှန်တကယ် ပြောဆိုထိုက်ပေသည်ဟု သတိရအောက်မေ့မိပါသည်။ မိမိအနေဖြင့် တိုက်တွန်းလိုသည်မှာ တခဏ ခရီးဆုံးနှင့် ထာဝရခရီးဆုံးနှစ်ခုတို့ တွင် ထာဝရခရီးဆုံးသို့ ရောက်ဖို့က ပို၍ အရေးကြီးပါပေသည်။ တခဏ ခရီးဆုံးသို့ ရောက်ဖို့ကိုဖြင့် လောကယာဉ်အမျိုးမျိုးကို စီးရ

http://www.dhammadownload.com

သလို၊ ထာဝရခရီးဆုံးသို့ ရောက်ရန်အတွက်မှာမူ မဂ္ဂင်ရေယာဉ်ကြီးစီးဖို့ လိုပါလိမ့်မည်။

အထူးသဖြင့် သိန်းသန်းချီတန်သော လေယာဉ်ခကို ပေး၍ စီးနှင်းမည့် ပုဂ္ဂိုလ်များကို ရှာဖွေတွက်၍ ရနိုင်သော်လည်း ရှင်တော်မြတ်ဘုရား၏ အဆုံးအမဖြစ်သော မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်ကြီးကိုဖြင့် အဖိုးအခအနည်းဆုံးဖြင့် လူတိုင်းလူတိုင်းပင် စီးနိုင်ပါသည်။ ပေးရမည့်အဖိုးအခအနေဖြင့် သဒ္ဓါတရားပင်ဖြစ်ပါသည်။ မဂ္ဂင်ရှစ်ဖော်ယာဉ်ကြီးပေါ်သို့ စီးနှင်းလိုက်ပါကြသည့် ခရီးသည်များကို သီလ၊ သမာဓိ၊ ပညာတည်းဟူသော ချိုမြိန်ကောင်းမြတ်သည့် အစားအစာများ ပေးကမ်းဝေငှပါလိမ့်မည်။ ညှော့်ခံကျွေးမွေးပါလိမ့်မည်။ ထိုအစားအစာများကို အလိုရှိသလောက် သုံးဆောင်ပြီး မဂ္ဂင်ယာဉ်တော်ကြီး၏ ခရီးဆုံးဖြစ်သော နိဗ္ဗာန်တည်းဟူသော လေဆိပ်သို့ ဘေးမသီရန်မခအေးဆေးစွာ ရောက်နိုင်ကြပါလိမ့်မည်။ ဒီဒေသနာတော်ထဲမှာ ပါရှိသော သစ်တုံးကြီးဟာ သမုဒ္ဒရာသို့ တောက်လျှောက်ရောက်နိုင်ရန် အပြစ်ရှစ်ပါး ကင်းလွတ်ရလိမ့်မည်။ ထို့အတူ လောကခရီးစဉ်ထဲတွင်လည်း (မိမိအနေဖြင့် လေယာဉ်ခရီးစဉ်သည် လမ်းဆုံးသို့ ရောက်နိုင်ရန် အရေးအကြီး

http://www.dhammadownload.com

ဆုံးဟု ထင်မိပါသည်။) အထက်ကဆိုခဲ့ပြီးသလို အဖက်ဖက်က ပြည့်စုံမှသာ ခရီးဆုံးသို့ ဘေးမသီရန်မခ ရောက်နိုင်ပါသည်။

ရှင်တော်မြတ်ဘုရား၏ မဂ္ဂင်ယာဉ်တော်ကဖြင့် မပြောပလောက်သော အန္တရာယ်မှအပ နောက်ဆုံး နိဗ္ဗာန်တည်း ဟူသော လမ်းဆုံးသို့ တစ်စတစ်စဖြင့် အမှန်တကယ် ရောက်ရှိနိုင်မှာဖြစ်ပါသည်။ ထိုမပြောပလောက်သော အန္တရာယ်ကို ကြိုတင်သိရှိထားဖို့ လိုအပ်ပါသည်။ သိထားလျှင် ရှောင်နိုင်ပါသည်။ ရှောင်နိုင်ပါလျှင် လမ်းဆုံးရောက်မှာ မုချဖြစ်သည်။ ထို့ကြောင့် ထိုအန္တရာယ်ကို သိရှိပြီး ရှောင်ကြဉ်နိုင်ရန် ယခုချမ်းမြေ့အရှင်ဣန္ဒက မှ ရှင်တော်မြတ်ဘုရား၏ ဒါရုက္ခန္ဓောပမသုတ္တန်ကို အခြေခံပြုကာ တစ်ခြားတစ်ခြား သိသင့်သိထိုက်သော အကြောင်းအရာတို့ကို လည်း ဆီလျော်အောင် ထည့်သွင်း၍ စာရှုသူများအလွယ်တကူ နားလည်သဘောပေါက်အောင် စီစဉ်ဟောကြားထားပေသည်။ တရားစာသားများကို ထုတ်မပြခြင်းသည် စာရှုသူများကို ကိုယ်တိုင်ဖတ်ရှု၍ ဓမ္မရသပေါ်စေရန် ရည်ရွယ်ပါသည်။

http://www.dhammadownload.com

နောက်ဆုံးအနေဖြင့်ပြောလိုသည်မှာ သာမန်စွာကျောင်းသားကလေးသည်ပင် တရားတော်ကို သဘောပေါက်လို့ သံသရာခရီးဆုံးကို အလွယ်တကူမျှော်နိုင်ရောက်နိုင်သေးလျှင် မျက်စိကြီးနားကြီး စာရှုသူများအတွက် အထူးပြောစရာ လိုအပ်တော့မည်မထင်ပါ။ ရှေ့ဆက်ပြီးသော တရားစာသားများကို ဖတ်ရှုကြပါဟု တိုက်တွန်းလျက်-

**သံသရာစခန်းတကွေ့တွင်**
**မြန်မကြာချမ်းမြေ့ကြပါစေ။**

http://www.dhammadownload.com

# ဒါရုက္ခန္ဓောပမ သုတ္တန်တရားတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယနေ့ ၁၃၅၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၆) ရက်၊ စနေနေ့၊ တောင်ကြီးမြို့၊ ကန်ဦးပရိယတ္တိစာသင်တိုက်အတွင်း၌ (၃) ကြိမ်မြောက် ဆင်ယင်ကျင်းပအပ်သော ချမ်းမြေ့ဝိပဿနာ (၁၀) ရက် တရားစခန်း၌ ချမ်းမြေ့စေရန် သတိပဋ္ဌာန် အကျင့်တို့ကို ကျင့်ကြံပွားများ ကြိုးစားအားထုတ်လျက် နေကြကုန်သော ရဟန်းရှင် လူ ယောဂီသူတော်စင်တို့နှင့် တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့အား ဟောကြားအပ်သော သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ ပါဠိတော်၌ လာသော ဒါရုက္ခန္ဓောပမသုတ္တန် တရားတော်။

## မဝင်ရေယဉ်ကြော မျောနေကြသည်

ယောဂီတို့ ဘာတရားတဲ့လဲ။ (ဒါရုက္ခန္ဓောပမသုတ္တန် တရားတော်ပါဘုရား။) ယနေ့ ကန်ဦးပရိယတ္တိစာသင်တိုက် အတွင်း၌ ချမ်းမြေ့ဝိပဿနာ ၁၀-ရက် တရားစခန်းကို ဝင်ရောက်ပြီး ဝိပဿနာတရားတို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်ရင်းနဲ့ မိမိတို့

http://www.dhammadownload.com



တတ်စွမ်းသမျှ လှူဖွယ်ပစ္စည်းအသီးသီးတို့ကို လှူဒါန်းခြင်းဆိုတဲ့ ဒါနကုသိုလ်ကို ပြုလုပ်ကြတယ်။ နေ့စဉ်နှင့်အမျှ သရဏဂုံသုံးပါး နှင့်တကွ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်ကြတယ်။ ဝေယျာဝစ္စကုသိုလ်ကို မမောနိုင်၊ မပန်းနိုင် ဆောင်ရွက်နေကြတယ်။ တရားတော်ကို နာယူကြတယ်။ ဝိပဿနာကို နာရီ၊ မိနစ်၊ စက္ကန့်မလပ် တရစပ် ရှုမှတ်ပွားများ အားထုတ်နေကြတယ်။ ခုလို ဒါနကုသိုလ်ပြုကြ၊ သီလကုသိုလ်ဆောက်တည်ကြ၊ ဝေယျာဝစ္စကုသိုလ်ဆောင်ရွက်ကြ၊ တရားနာကြ၊ ဝိပဿနာကို အားထုတ်ပွားများနေကြတာဟာ ဒီဒါရုက္ခန္ဓောပမ သုတ္တန်ဒေသနာတော်အရ ပြောရမယ်ဆိုရင် ယောဂီတို့ဟာ မိမိတို့ရဲ့ ခန္ဓာကိုယ်သစ်တုံးကြီး ကို သမုဒ္ဒရာဒိဋ္ဌိရေယဉ်ကြောမှာ မျှောပြီးနေကြတယ်လို့ မှတ်ရမယ်။

ယောဂီတို့ ဘာလုပ်နေကြသလဲလို့ မေးရင် ဘယ်လိုဖြေကြမလဲ။

(သမုဒ္ဒရာဒိဋ္ဌိရေယဉ်ကြော မျှောနေကြပါတယ်ဘုရား။)

ဘာကိုမျှောနေကြတာလဲ။

(တပည့်တော်တို့၏ ခန္ဓာကိုယ်သစ်တုံးကြီးကိုပါ ဘုရား။)

http://www.dhammadownload.com



ဒီမှာ သမ္မာဒိဋ္ဌိဆိုတာ အမှန်ကိုသိ၊ အမှန်ကိုမြင်တဲ့ ဉာဏ်ကို သမ္မာဒိဋ္ဌိလို့ခေါ်ကြောင်း သတိပြုခဲ့စေချင်တယ်။ ဒီဒေသနာတော်အရ သမ္မာဒိဋ္ဌိကို ပဓာန ထားပြောပေမယ့် ယောဂီတို့ သန္တာန်မှာ မဂ္ဂင်ရှစ်ပါးလုံး ထိုက်သလို ဖြစ်နေလို့ မဂ္ဂင်ရေယဉ်ကြော မျှောနေပါတယ်လို့ ပြောယင် စကား ဟာ ပိုပြီး ပြည့်စုံမယ်။ နောက်ပိုင်းကျမှ အဲဒီမဂ္ဂင်အကြောင်းများကို အကျယ် ဟောပြပါဦးမယ်။

ယောဂီတို့တစ်တွေ ခုလို ဒါနကုသိုလ်ပြုနေတဲ့အချိန်ဟာ မိမိတို့ရဲ့ ခန္ဓာကိုယ်သစ်တုံးကြီးဟာ မဂ္ဂင်ရေယဉ်ကြော မျှောနေတဲ့ အချိန်လို့ သဘောပေါက်ပြီး ဝမ်းမြောက်ဝမ်းသာ လှူဒါန်းနိုင်ကြရမယ်။ သီလကုသိုလ်ဆောက်တည်နေတဲ့အချိန်၊ ဝေယျာဝစ္စဆောင်ရွက်နေတဲ့အချိန်၊ တရားနာနေတဲ့အချိန်၊ ဘာဝနာပွားများနေတဲ့ အချိန်တွေသည် မိမိတို့ရဲ့ ခန္ဓာကိုယ်သစ်တုံးကြီးဟာ မဂ္ဂင်ရေယဉ်ကြော မျှောနေတဲ့ အချိန်လို့ သဘောပေါက်ပြီး ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ကြရမယ်။ အဲဒီလို မိမိတို့ရဲ့ ခန္ဓာကိုယ်ကို မဂ္ဂင်ရေယဉ်ကြော မျှောပြီးနေတော့ ဒီခန္ဓာကိုယ်သစ်တုံးကြီးဟာ တစ်စက္ကန့်ပြီး တစ်စက္ကန့်၊ တစ်မိနစ်ပြီး တစ်မိနစ်၊ တစ်နာရီပြီး တစ်နာရီ၊ တစ်နေ့ထက်တစ်နေ့ နိဗ္ဗာန်ကို နီးနီးသွားတယ် မဟုတ်လား။ (မှန်လှပါဘုရား။)

http://www.dhammadownload.com



**နိဗ္ဗာနသောဝ သန္တိကော၊** နိဗ္ဗာန်သို့သာ တဖြည်းဖြည်းနီးသွားတယ်လို့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတယ်။

ဒါနစတဲ့ ကုသိုလ်ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်အတွက် တစ်ချိန်ထက်တစ်ချိန် နိဗ္ဗာန်ဘက်ကိုသာ နီးသွားတယ်လို့ ဆိုလိုတော်မူတယ်။ နိဗ္ဗာန်နဲ့ တဖြည်းဖြည်းနီးတယ်ဆိုတော့ ဘာနဲ့တဖြည်းဖြည်းဝေးကွာ လာသလဲ။ (အပါယ်လေးပါးနဲ့ပါဘုရား။)

အိုနာသေဘေးနဲ့ကော မဝေးပေဘူးလား။ (ဝေးပါတယ်ဘုရား။) ဘာကြောင့်လဲဆိုရင် ယနေ့ယောဂီတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ မဂ္ဂင်ရေယဉ်များဟာ နိဗ္ဗာန်ကို ဦးတည်ပြီး စီးဆင်းနေတယ်။ ဒီတော့ အဲဒီမဂ္ဂင်ရေအလျဉ်နဲ့အတူ မျောပါနေတဲ့ ယောဂီတို့ရဲ့ ခန္ဓာကိုယ်သစ်တုံးကြီးဟာလဲ နိဗ္ဗာန်ကို ရောက်မယ်မဟုတ်လား။ (မှန်ပါ့ဘုရား။) နိဗ္ဗာန်ရောက်တော့ မအို မနာ မသေတော့ဘူး မဟုတ်လား။ (မှန်ပါတယ် ဘုရား။)

ဒါကြောင့် အိုနာသေဘေးကလဲ ဝေးလာတယ်လို့ ပြောတာပေါ့။ ဒီတော့ မိမိတို့ရဲ့ ခန္ဓာကိုယ်ကို မဂ္ဂင်ရေယဉ်ကြောမှာ မျှောပြီး နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ကူးခတ်နေကြတဲ့ ယနေ့ယောဂီတို့ကို ဦးပဥ္စင်းတို့က တွန်းအားပေးသောအားဖြင့်

http://www.dhammadownload.com



ဒီဒါရုက္ခန္ဓောပမသုတ္တန်ကို ဟောကြားပေးမယ်။ ဟောတဲ့အခါ ရှေ့ပိုင်း နောက်ပိုင်းလို့ နှစ်ပိုင်းခွဲပြီး ဟောပါမယ်။ ရှေ့ပိုင်း မှာတော့ ယောဂီများ သဘောပေါက်လွယ်အောင် မှတ်သားလွယ် အောင် အကျဉ်းပဲဟောပြီး နောက်ပိုင်းကျမှ ဝတ္ထုသာဓက ကလေးတွေ ထည့်ပြီး အကျယ်ဟောပေးပါမယ်။

## ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူပုံ

**ဧကံ သမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဂင်္ဂါယ နဒိယာ တီရေ။**

ဧကံ သမယံ - အခါတစ်ပါး၌၊ ဘဂဝါ- ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်သည်၊ ကောသမ္ဗိယံ-ကောသမ္ဗီမြို့ အနီး၌၊ ဂင်္ဂါယ နဒိယာ- ဂင်္ဂါမြစ်၏၊ တီရေ- ကမ်းနား၌၊ မဟာတာ- ဂုဏ်အားဖြင့်မြတ်သော (ဝါ)အရေအတွက်အားဖြင့် များပြားလှစွာ သော၊ ဘိက္ခုသံဃေန- ရဟန်းအပေါင်းနှင့်၊ သဒ္ဓိံ -အတူတကွ၊ ဝိဟရတိ- သီတင်းသုံးတော်မူ၏။

ဒီဒါရုက္ခန္ဓောပမ သုတ္တန်တရားတော်ကို ဟောတော်မူတဲ့ အချိန် မြတ်စွာဘုရားသည် ကောသမ္ဗီမြို့မှာ သီတင်းသုံးနေတော်မူ

http://www.dhammadownload.com



တယ်။ ယောဂီတို့ မြတ်စွာဘုရား ဘယ်မြို့မှာ သီတင်းသုံးနေပါသလဲ။ (ကောသမ္ဗီမြို့မှာပါဘုရား။) ကောသမ္ဗီမြို့မှာ သီတင်းသုံးတော်မူတဲ့မြတ်စွာဘုရားသည် နောက်တော်ပါ ရဟန်းတော်ငါးရာနှင့်အတူ သပိတ်ကိုယ်စီလွယ်၍ ဒေသစာရီကြွချီတော်မူတယ်။ ကြွလာတော့ ဂင်္ဂါမြစ်ဘေး တောအုပ်ကြီးတစ်ခုအနားရောက်သွားတော်မူတယ်။

တောအုပ်ကြီးရောက်တဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က တောစပ်မှာရှိတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်လိုတဲ့ အမူအရာကို ပြတော်မူတယ်။ ဒီအခါ အလုပ်အကျွေးဖြစ်တဲ့ အရှင်အာနန္ဒာက ပါလာတဲ့ နှစ်ထပ်သင်္ကန်းကို လေးခေါက်လေးလွှာခေါက်ပြီး သစ်ပင်ကြီးအောက်မှာ ခင်းပေးလိုက်တယ်။ အရှင်အာနန္ဒာခင်းပေးလိုက်တဲ့ နှစ်ထပ်သင်္ကန်းပေါ်မှာ မြတ်စွာဘုရားရှင်ဟာ သီတင်းသုံးတော်မူတယ်။

နောက်တော်ပါ ရဟန်းတော်ငါးရာကလဲပဲ ရှင်တော်မြတ်ဘုရား၏ ဝဲဘက် ယာဘက်မှ ၂၅၀-စီ နေရာယူ သီတင်းသုံးတော်မူကြတယ်။

ယောဂီများ မိမိတို့ရဲ့ စိတ်ထဲမှာ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးတော်မူပုံကို အာရုံပြုနိုင်အောင်ပြောရရင် ဝိတောက်၊

http://www.dhammadownload.com



ငုဝါ၊ သရဖီ၊ အင်ကြင်း၊ ကံ့ကော် စတဲ့ ပန်းပင်ကြီးများ၊ မာလကာ၊ ဩဇာ၊ ပိန္နဲစတဲ့ စားပင်သောက်ပင်များနှင့် အခြားသော သစ်ပင် ဝါးပင်များဖြင့် အုပ်ဆိုင်းညို့မှိုင်းနေတဲ့ တောအုပ်ကြီးတစ်ခုကို နောက်ခံပြုထားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဦးခေါင်းတော်ထက်မှာ အခက်အရွက် အသီးအပွင့်တို့ဖြင့် ဝေဆာလှပတဲ့ သစ်ပင်ကြီး တစ်ပင်ရှိတယ်။ မြတ်စွာဘုရားရှင်၏ ဝဲဘက် ယာဘက်မှာတော့ ရဟန်းတော်ပေါင်း ၅၀၀-က တစ်ဘက် (၂၅၀)စီ လက်အုပ်ချီမိုး လျက် မြတ်စွာဘုရားရှင်ကို ဘေးတိုက် အနေအထားအားဖြင့် ဖူးမြော် နေကြတယ်။

ဥပမာအားဖြင့်ပြောရရင် လပြည့်ဝန်းကြီးကို ကြယ်တာရာ များ ဝိုင်းရံနေသလိုပါပဲ။ ဘေးပတ်ပတ်လည်မှာတော့ စိမ်းလန်း စိုပြေတဲ့ မြက်ခင်းပြင်ကြီးတစ်ခုရှိတယ်။ အဲဒီမြက်ခင်းပြင်ကြီးကို စားကျက်လုပ်ပြီး "နန္ဒ" နွားကျောင်းသားကလဲ နွားတွေကို ကျောင်းပြီးနေတယ်။ မြတ်စွာဘုရားရှင်ရဲ့ ရှေ့တည့်တည့်မှာတော့ ကြည်လင်အေးမြတဲ့ရေတွေ တသွင်သွင် စီးဆင်းနေတဲ့ ဂင်္ဂါမြစ်ကြီးရှိ နေတယ်။

http://www.dhammadownload.com



ယောဂီတို့ စိတ်ထဲမှာ အာရုံပြုလို့ မြင်ကြပြီလား။

ဂင်္ဂါမြစ်ဘေး တောတန်းအစပ် သစ်ပင်ကြီးတစ်ပင်ရဲ့ အောက်မှာ ဂင်္ဂါမြစ်ဘက်ကို မျက်နှာမူလျက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးနေတော်မူတယ်။

ဒီအချိန်မှာ တသွင်သွင်စီးဆင်းလာတဲ့ ဂင်္ဂါမြစ်ရေနဲ့အတူ မျောပါလာတဲ့ သစ်တုံးကြီးကို ဘုရားရှင်ကိုယ်တော်မြတ်က မျက်ဝါးထင်ထင် တွေ့မြင်တော်မူတယ်။

ဒီအခါမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ စိတ်တော်၌ အကြံတစ်ခုပေါ်ပေါက်လာတယ်။

ဒီသစ်တုံးကြီးကို ဥပမာပြုလို့ တပည့်ရဟန်းတော်များအား တရားတစ်ပုဒ်ဟောရရင်ကောင်းမယ်။ ဟောလိုက်လို့ရှိရင် တပည့် ရဟန်းတော်တွေ တရားအသိတိုးလို့ နိဗ္ဗာန်ရကြလိမ့်မယ်လို့ မြင်တော်မူပါတယ်။ ဒါနဲ့ ဘုရားရှင်ဟာ သင်္ကန်းတော်ကြားမှ လက်ယာလက်ကို ထုတ်ပြီး သစ်တုံးကို လက်ညှိုးတော်ဖြင့် ညွှန်ပြ၍

**ပဿထ နော တုမှေ ဘိက္ခဝေ၊ အမုံ မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။**

ဘိက္ခဝေ-ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ ဂင်္ဂါယ နဒိ

http://www.dhammadownload.com



ယာ-ဂင်္ဂါမြစ်၏၊ သောတေန-ရေအဟုန်ဖြင့်၊ ဝုယှမာနံ-မျောပါ၍ လာသော၊ မဟန္တံ-ကြီးမားလှစွာသော၊ အမုံ ဒါရုက္ခန္ဓံ-ထိုသစ်တုံး ကြီးကို၊ ပဿထနော-မြင်ကြကုန်သလော။

ချစ်သားတို့ ဂင်္ဂါမြစ်ရေအလျဉ်မှာ ပေါလောပေါလောနှင့် မျောပါလာတဲ့ သစ်တုံးကြီးကို မြင်ကြပါသလားလို့ မေးတော်မူ လိုက်ပါတယ်။ ဘာကြောင့်ဒီလိုမေးရ သလဲဆိုရင် ရေမျောလာတဲ့ သစ်တုံးကြီးကို အကြောင်းပြု၍ တရားဟော လိုတဲ့ ဆန္ဒတော်ကြောင့် ခုလိုမေးတော်မူတာဖြစ်ပါတယ်။

**ကြည်ညိုစရာ ဗုဒ္ဓမြတ်စွာ**

ဦးပဥ္စင်းတို့ မြတ်စွာဘုရားရှင်ဟာ သတ္တဝါတွေ အပေါ်မှာ ထားရှိတော်မူတဲ့ ကြီးမားတဲ့ မဟာ ကရုဏာတော်ဟာ သိပ်ကြည်ညိုစရာကောင်းပါတယ်။ ယခုလို သစ်ပင်အောက် အနားယူနေခိုက်တောင်မှ အေးအေးဆေးဆေး အနား ယူတော်မမူဘဲ တပည့်ရဟန်းတော်များရဲ့ အကျိုးကို မျှော်ကိုးပြီး ဂင်္ဂါ မြစ်ရေမှာ မျှောလာတဲ့ သစ်တုံးကြီးကို အကြောင်းပြုလို့ တရားဟော တော်မူတယ်။ အေး... ဒီလောက်အထိ သတ္တဝါတို့ရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူတဲ့ မြတ်စွာဘုရား။

ဘာကြောင့် ယခုလို သွားရင်း၊ ထိုင်ရင်း၊ ရပ်ရင်း၊ လျောင်း

http://www.dhammadownload.com



ရင်း၊ အပန်းဖြေခိုက်လေးတောင်မှ အေးအေးဆေးဆေး ဖြောင့်ဖြောင့် အနားမယူဘဲ မနားမနေသတ္တဝါတို့ရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူနေရသလဲဆိုရင် သတ္တဝါများ သံသရာထဲမှာ တအိုထဲအို တနာထဲနာ တသေထဲသေပြီး ဒုက္ခတွေ ပင်လယ်ဝေနေတာကို မကြည့်ရက်တဲ့အတွက် တတ်နိုင်သမျှ သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲက ထုတ်ဆောင်ပြီး မအို မနာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်အောင် သယ်ပိုးဆောင်ရွက်ပေးနေတာဖြစ်တယ်။

ဒါ့ကြောင့် မဟာယာန ဗုဒ္ဓဘာသာတွေက ဒီအချက်တွေကို ကြည့်ပြီး ဗုဒ္ဓမြတ်စွာကို မဟာကရုဏာတော်ရှင် (ကယ်တင်ရှင်) အနေ ဖြင့် ပိုပြီး အသိအမှတ်ပြုကြ ရိုသေကြ၊ လေးစားကြ၊ မြတ်နိုး ကြည်ညိုကြတယ်။ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ သဗ္ဗညုတ ဉာဏ်ကြီးရှင်အနေနဲ့ ဒီလောက်အထိ အသိအမှတ်မပြုကြ၊ မရိုသေကြ၊ မလေးစား မကြည်ညိုကြဘူး။

ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာတွေကတော့ ဗုဒ္ဓမြတ်စွာကို ကြည်ညို ကြတဲ့အခါ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ဉာဏ် ကြီးရှင်အနေဖြင့် ကြည်ညိုလေးစားအားထား ကိုးကွယ်ကြတာများတယ်။

http://www.dhammadownload.com



တကယ်တော့ ဗုဒ္ဓမြတ်စွာရဲ့ မဟာကရုဏာတော်ဟာ ယခုလို ဘုရားအဖြစ်သို့ ရောက်တော်မူမှ ကြည်ညိုလေးစား အားထား မြတ်နိုးစရာ ကောင်းတာ မဟုတ်ပါဘူး။

ပါရမီဖြည့်စဉ် အလောင်းတော်ဘဝကတည်းက ကြည်ညို လေးစား အားထားမြတ်နိုးစရာ သိပ်ကောင်းပါတယ်။

ဒီသတ္တဝါတွေအပေါ် ကြင်နာသနားတော်မူလွန်းလို့ပဲ မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ ပစ္စည်းဥစ္စာများကို နှမြောတွန့်တိုရှုမှန်း မသိ၊ မဒ္ဒီမိဖုရားလို ဇနီးမယားနှင့် ဇာလီ ကဏှာဇိန်တို့လို သမီးသားတို့ကိုလဲ မငဲ့ကွက် မတွယ်တာနိုင်၊ သိဝိမင်းကြီးဘဝက မျက်လုံးအစုံတို့ကို သွေးသံရဲရဲနှင့် ထုတ်နုတ်လှူဒါန်းသလို များပြားလှစွာသော အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို လှူဒါန်းရပေမယ့် နာကျဉ်ကိုက်ခဲဆင်းရဲရကောင်းတယ်လို့ မအောက်မေ့မမှတ်ထင်နိုင်ပါ။သသပဏ္ဍိတယုန်မင်းဘဝက အလှူခံပုဏ္ဏားရဲ့ လက်ထဲသို့ မိမိရဲ့အသက်ကို ရဲရဲဝံ့ဝံ့စွန့်လွှတ်လှူဒါန်းသလို အသက်ပေါင်းများစွာတို့ကို လှူဒါန်းခဲ့ရသော်လဲ ပင်ပန်းလှချည်ရဲ့လို့ သဘောမထားနိုင်ဘဲ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီများကို ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့တဲ့ မြတ်စွာဘုရားဖြစ်ပါတယ်။

http://www.dhammadownload.com



ဦးပဥ္စင်းတို့က မြတ်စွာဘုရားကို ကြည်ညိုတဲ့နေရာမှာ ဒီလို အလောင်းတော်ဘဝတွေအထိ လှမ်းပြီးကြည်ညိုတာပါ။ ဘုရားအဖြစ်သို့ ရောက်မှ ကြည်ညိုတာ မဟုတ်ပါဘူး။ ယောဂီများလဲ ဗုဒ္ဓမြတ်စွာကို ကြည်ညိုတတ်ကြပါစေ။ ယခုလဲ အဲဒီ ကြီးမားတဲ့ မဟာကရုဏာတော်ကြောင့်၊ ဗုဒ္ဓမြတ်စွာသည် သစ်ပင်ရင်း အနားယူနေခိုက်သော်မှ အေးအေးဆေးဆေးအနားမယူနိုင်ဘဲ ရေမျှောသစ်တုံးကို လက်ညှိုးညွှန်ပြပြီးတော့ တရားတော်ကို ဟောကြားတော်မူတယ်။

## သစ်တုံး သမုဒ္ဒရာမရောက်ခြင်း၏ အပြစ် (၈) ချက်

ချစ်သားတို့ ဂင်္ဂါမြစ်ထဲမှာ မျှောပါလာတဲ့ အဲဒီသစ်တုံးကြီးဟာ ဤဘက်ကမ်းတင်ခြင်း၊ ဟိုဘက်ကမ်းတင်ခြင်း၊ ရေလယ်မြုပ်ခြင်း၊ သောင်ပေါ်တင်ခြင်း၊ လူဆယ်ခြင်း၊ နတ်ဆယ်ခြင်း၊ ဝဲစုပ်ခြင်း၊ အတွင်းပုပ်ခြင်းဆိုတဲ့ ဤအပြစ်ရှစ်ချက်က ကင်းလွတ်ခဲ့ရင် သမုဒ္ဒရာထဲကို ကေန်မုချ ရောက်ပေလိမ့်မယ်။ ဒီအပြစ်ရှစ်ချက်က လွတ်မှ သမုဒ္ဒရာထဲရောက်မယ်ဆိုတော့ အကယ်၍ သစ်တုံးကြီးဟာ ဤဘက်ကမ်းမှာ တင်နေမယ်ဆိုရင် သမုဒ္ဒရာထဲရောက်ပါဦးမလား။ (မရောက်နိုင်ပါဘုရား)။ ဟိုဘက်ကမ်းမှာ တင်နေရင်ရော ရောက်

http://www.dhammadownload.com



နိုင်ပါ့မလား။ (မရောက်နိုင်ပါဘုရား)။ ရေလယ်မှာ မြုပ်သွားရင်ရော-(မရောက်နိုင်ပါဘုရား)။ သောင်ပေါ်မှာတင်နေရင်ရော-(မရောက်နိုင်ပါဘုရား)။ လူဆယ်ခြင်း၊ နတ်ဆယ်ခြင်း ခံရရင်ကော-(မရောက်နိုင်ပါဘုရား)။ ဝဲစုပ်ခံရရင်ရော-(မရောက်နိုင်ပါဘုရား)။ အတွင်းပုပ်ဆွေးသွားခဲ့ရင်ရော-(မရောက်နိုင်တော့ပါဘုရား)။ ဘာကြောင့်မရောက်သလဲ ယောဂီတို့။ (ဂင်္ဂါမြစ်ရေယဉ်မှာ ဆက်လက်မမျောနိုင်တော့လို့ပါ ဘုရား။)

အဲဒီတော့ ဆိုခဲ့တဲ့ အပြစ်ရှစ်ချက်က လွတ်မြောက်ခဲ့ရင်တော့ သစ်တုံးကြီးဟာ ဂင်္ဂါမြစ်ရေယဉ်ကြောမှာဆက်လက်မျောခွင့် မရပေဘူးလား။ (ရပါတယ်ဘုရား)။ ဆက်လက်မျောခွင့်ရရင် နောက်ဆုံးသမုဒ္ဒရာထဲ ရောက်မယ်မဟုတ်လား။(မှန်ပါဘုရား)။

**ရဟန်းတို့ နိဗ္ဗာန်မရောက်ခြင်း၏ အန္တရာယ် (၈) ချက်**

ဤအတူပါပဲ။ ချစ်သားတို့တွေဟာလဲ ဒီဘက်ကမ်းတင်ခြင်း၊ ဟိုဘက်ကမ်းတင်ခြင်း၊ ရေလယ်မြုပ်ခြင်း၊ သောင်ပေါ်တင်ခြင်း၊ လူဆယ်ခံရခြင်း၊ နတ်ဆယ်ခံရခြင်း၊ ဝဲစုပ်ခံရခြင်း၊ အတွင်းပုပ်ဆွေးခြင်းဆိုတဲ့ အပြစ်ရှစ်ချက်ကသာ ကင်းလွတ်ခဲ့ရင်

http://www.dhammadownload.com



နိဗ္ဗာန်ကို ကေန်မုချရောက်မယ်။ ဘာကြောင့်လဲဆိုရင် သင်ချစ်သားတို့၏ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ကို ဦးတည်ညွှတ်ကိုင်းပြီး စီးဆင်းသွားနေလို့ပါပဲ။

ဒီနိဗ္ဗာန်ကို စီးဆင်းသွားနေတဲ့ သမ္မာဒိဋ္ဌိရေယဉ်ကြောမှာ မျောနေကြတဲ့ သင်ချစ်သားတို့တစ်တွေဟာလဲ ပြောခဲ့တဲ့ဒီဘက်ကမ်းတင်ခြင်း စတဲ့ အပြစ်ရှစ်ချက်ကသာ ကင်းလွတ်ကြမယ်ဆိုရင် ကေန်မုချ နိဗ္ဗာန်ကို ရောက်ကြလိမ့်မယ်လို့ မြတ်စွာဘုရားရှင် ဟောတော်မူတယ်။

ဒီအခါ ရဟန်းငယ်တစ်ပါးက မြတ်စွာဘုရားကို လျှောက်ထားပါတယ်။ ပရိသတ်ဆိုတာ လူမျိုးစုံပါဝင်တတ်တယ် မဟုတ်လား။ တစ်ချို့က ဉာဏ်ပညာကြီးတယ်။ တစ်ချို့က ဉာဏ်ပညာ အလယ်အလတ်ရှိတယ်။ တစ်ချို့က ဉာဏ်ပညာနည်းတယ်။

ဉာဏ်ပညာကြီးတဲ့ ပုဂ္ဂိုလ်တွေနဲ့ အလယ်အလတ်ရှိတဲ့ ပုဂ္ဂိုလ်တွေက တစ်ထွာပြတစ်တောင်မြင်ကြသော်လဲ ဉာဏ်နည်းတဲ့ ပုဂ္ဂိုလ်တွေက မမြင်ကြ၊ သဘောမပေါက်ကြဘူး။ ဒါကြောင့် ဒီရဟန်း ငယ်က သဘောမပေါက်လို့ မြတ်စွာဘုရားရှင်ကို-

http://www.dhammadownload.com



## ဤဘက်ကမ်းတင်ခြင်းဘေး

## ကာ်း နူခေါ ဘန္တေ ဩရိမံ တီရံ

ရှင်တော်မြတ်ဘုရား ဒီဘက်ကမ်းဆိုတာ ဘာကို ဆိုလိုပါ သလဲဘုရားလို့လျှောက်တယ်။ ဒီတော့မြတ်စွာဘုရားက -

## ဩရိမံ တီရန္တိခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ

ချစ်သားရဟန်း ဒီဘက်ကမ်းဆိုတာ အတွင်းအာယတန ခြောက်ပါးကိုခေါ်တယ်လို့ ဖြေကြားတော်မူလိုက်တယ်။ ယောဂီတို့ ဤဘက်ကမ်းဆိုတာ ဘာတဲ့လဲ။ (အတွင်းအာယတန ခြောက်ပါး ပါဘုရား။) အတွင်း အာယတနခြောက်ပါးဆိုတာကော ဘာတွေ လဲ။ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တို့ပါဘုရား။) ယောဂီတွေ က သိပြီးသားပဲ။ ဟောစရာ မလိုတော့ဘူးထင်တယ်။ (လိုပါတယ် ဘုရား။) အဲဒီမျက်စိစတဲ့အတွင်း အာယတန ခြောက်ပါးကို ဒီဘက် ကမ်းလို့ မှတ်ထားလိုက်ပါ။

**အာယတနာ၊ တွင်းခြောက်ဖြာ၊ ဤမှာဘက်ကမ်းမည်။**

ဒီဘက်ကမ်းဆိုတာကိုတော့ ယောဂီတို့သိသွားပြီ။ တင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကိုရော ယောဂီတို့ သဘောပေါက်ကြ

http://www.dhammadownload.com



ရဲ့လား။ (သဘောမပေါက်ပါဘုရား။) တင်တယ်ဆိုတာ မျက်စိစတဲ့ အတွင်းအာယတနခြောက်ပါးကို အကြောင်းပြုပြီး ရဟန်းသန္တာန်မှာ လောဘ ဒေါသစတဲ့ ကိလေသာ တရားဆိုးတွေ ဖြစ်ပွားလာရင် ဒီရဟန်း ဤဘက်ကမ်း တင်တယ်လို့ မှတ်ရမယ်။

ဆိုကြပါစို့။ မျက်စိကိုအကြောင်းပြုပြီး ငါ့မျက်စိဟာ သိပ်လှတာပဲ။ အဝေးကြီးကိုလဲ မြင်နိုင်တယ်။ ခုအသက်ခြောက်ဆယ်ကျော်တာတောင် မျက်မှန်မတပ်ရဘဲ စာကြည့်နိုင်သေးတယ် မျက်ခုံးမွေးလဲ မဖြူသေးဘူး။ တစ်ခါမှလဲ မျက်စိမကြိမ်းဖူးပါဘူး ဆိုတဲ့နေရာမှာ ငါဆိုတာ ထင်ရှားရှိသလား၊ မရှိဘူးလား။ (မရှိပါဘုရား။) တကယ်ထင်ရှားရှိတာက ရုပ်နဲ့နာမ်၊ အဲဒီ အရှိရုပ်နာမ်ကို "ငါ" လို့ သိမြင်တာဟာ အသိမှားလား၊ အသိမှန်လား။ (အသိမှားပါဘုရား။) အဲဒါကို သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိလို့ခေါ်တယ်။

ငါ့မျက်စိက သိပ်လှတယ်ဆိုတဲ့နေရာကျတော့ မျက်စိပေါ်မှာ သာယာနှစ်သက်တပ်မက်တဲ့ သဘောဖြစ်လို့ လောဘကိလေသာဖြစ်တယ်လို့မှတ်ရမယ်။

ငါ့မျက်စိက သူများမျက်စိထက် ပိုပြီး ကြည်လင်တယ်၊ လှပတယ်ဆိုပြန်တော့ မာနဖြစ်ပြန်တယ်။

http://www.dhammadownload.com



အဲဒီလို မျက်စိကို အကြောင်းပြုပြီး တဏှာ မာန ဒိဋ္ဌိ ကိလေသာတရားတွေဖြစ်တာကို ရဟန်း ဤဘက်ကမ်းတင်တယ်လို့ ဆိုလိုတယ်။

နားစတဲ့ အာယတနတွေကို အကြောင်းပြုပြီး ကိလေသာ ဖြစ်ပုံကိုလဲ ခုနဟောခဲ့သလို မှတ်ကြပါ။ သဘောပေါက်လောက်ပါ ပြီ။ ဒီလို မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါးကို အကြောင်းပြု ပြီး တဏှာ မာန ဒိဋ္ဌိ ကိလေသာတွေ ဖြစ်ရင် ရဟန်း ဤဘက်ကမ်း တင်ပြီလို့ ယောဂီတို့ မှတ်သားကြရ မယ်။

**ခြောက်ဖွါးရမှာ ကိလေသာ ဖြစ်လော**

**ဤကမ်းကပ်တော့သည်။**

နောက်တစ်ချက် ရဟန်းငယ်က ဘာကို ဆက်လက် မေးသလဲဆိုရင် -

**ဟိုဘက်ကမ်း တင်ခြင်းဆေး**

**ကီး နှစ်ခေါ် ဘဒ္ဒေ ပါရိမံ တီရံ**

မြတ်စွာဘုရား ဟိုဘက်ကမ်းဆိုတာကတော့ ဘာကို ဆိုလို ပါသလဲ ဖြေကြားတော်မူပါဘုရားလို့ လျှောက်တဲ့အခါ မြတ်စွာ ဘုရားရှင်က -

http://www.dhammadownload.com



**ပါရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ**

ချစ်သားရဟန်း ဟိုဘက်ကမ်းဆိုတာ အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ကြံ့သိမှုသဘောဆိုတဲ့ အပြင်အာယတန ခြောက်ပါးကို ဆိုလိုတယ်။ ယောဂီတို့ အပြင်အာယတန ခြောက်ပါး ဆိုတာ ဘာတွေတဲ့လဲ။ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ ကြံ့သိမှုသဘောများပါဘုရား။)

တင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ရဟန်းဟာ တစ်စုံ တစ်ရာအဆင်းကို ဖြစ်စေ၊ အသံကိုဖြစ် စေ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ ကြံ့သိမှုသဘောတို့ကိုဖြစ်စေ အကြောင်းပြု၍ လောဘ ဒေါသစတဲ့ ကိလေသာများ ဖြစ်ခဲ့ရင် ဒီရဟန်း ဟိုဘက်ကမ်းတင် ပြီလို့ မှတ်ရမယ်။ မဂ္ဂင်ရေယဉ်ကြော ဆက်လက်မျောနိုင်တော့ရဲ့ လား။ (မမျောနိုင်တော့ပါဘုရား။) မဂ္ဂင်ရေယဉ်ကြောမှ မမျော နိုင်ရင် နိဗ္ဗာန်ကိုကော ရောက်နိုင်ပါ့မလား။ (မရောက်နိုင်ပါဘုရား။) ကဲ ယောဂီတို့ လိုက်ဆိုကြပါ။

**အာယတနာ၊ မြင်ခြောက်ဖြာ၊ ဟိုမှာဘက်ကမ်းမည်။**
**ခြောက်အာရုံမှာ ကိလေသာ၊ ဖြစ်လာ ဟိုကမ်းတင် တော့သည်။**

http://www.dhammadownload.com



## ရေလယ်မြုပ်ခြင်းအေး

ရှေ့ ဆက်လက်သွားတော့ ဘာဘေးနဲ့ တွေ့နိုင်သေးသလဲ ယောဂီတို့။ (ရေလယ်မြုပ်တဲ့ဘေးနဲ့ တွေ့နိုင်ပါတယ်ဘုရား။) ရဟန်း ရေလယ်မြုပ်တယ် ဆိုတာကိုလည်း ဒီရဟန်းငယ်က သဘောမ ပေါက်တော့ မြတ်စွာဘုရားကို ဒီလိုလျှောက်ပြန်တယ်။

**ကောနုခေါ ဘန္တေ မဇ္ဈေ သံသာရော**

ရှင်တော်မြတ်ဘုရား ရေလယ်ဆိုတာ ဘာကို ပြောပါသလဲ ဘုရားလို့လျှောက်တယ်။ ဒီတော့ မြတ်စွာဘုရားက -

**မဇ္ဈေ သံသာရောတိ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံ**

ချစ်သားရဟန်း ရေလယ်ဆိုတာ နန္ဒီရာဂ တရားကို ဆိုလိုတယ်။

**နန္ဒီရာဂရဲ့ သဘော** နန္ဒီရာဂဆိုတဲ့နေရာမှာ နန္ဒီတစ်ပုဒ်၊ ရာဂတစ်ပုဒ်လို့ နှစ်ပုဒ် ရှိတယ်လို့မှတ်ပါ။နန္ဒီဆိုတာ နှစ်သက်ခြင်း၊ ရာဂဆိုတာ တပ်မက်တွယ်တာခြင်း သဘောပဲ။ နှစ်သက်စွဲ လမ်းတယ်။ ဘာတွေကိုနှစ်သက် တွယ်တာသလဲဆိုရင် အဆင်း မျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ

http://www.dhammadownload.com



ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ငါးပါးကာမဂုဏ် တရားတွေကို နှစ်သက်တွယ်တာခြင်းဖြစ်တယ်။

အဲဒီလို နန္ဒီရာဂတရားတွေ ရဟန်းသန္တာန်မှာပေါ်လာရင် အဲဒီရဟန်းကို ရေလယ်မြုပ်တယ်လို့ ဆိုရပါတယ်။ ရေလယ်မြုပ်ပြီ ဆိုရင် အပါယ်လေးပါးအထိ ရောက်နိုင်တယ်။ ဒါကြောင့် ဒီနန္ဒီရာဂတရားတွေ မဖြစ်အောင် ယောဂီတို့အနေနဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို သတိဉီးစီးတဲ့စိတ်နဲ့ အမြဲ ရှုမှတ်ပြီး နေရမယ်။ အမြဲရှုမှတ်နေရင်တော့ ရေလယ်မြုပ်တဲ့ဘေးကကင်းပြီး မဂ္ဂင်ရေယဉ်ကြောမှာ မျောလို့ တစ်စထက်တစ်စ နိဗ္ဗာန်ဘက်ကို နီးသွားမယ်။ ဒါကြောင့် ယောဂီတို့ လိုက်ဆိုကြပါ။

**နှစ်သက်တွယ်တာ၊ ရေလယ်မှာ၊ မှန်စွာမြုပ်တော့မည်။**

ရှေ့ဆက်ပြီးသွားတော့ ဘာဘေးနဲ့ တွေ့နိုင်သေးသလဲ ယောဂီတို့။ သောင်ပေါ်တင်တဲ့ဘေးနဲ့ တွေ့နိုင်ပါသေးတယ်ဘုရား။ ရဟန်း သောင်ပေါ်တင်တယ်ဆိုတဲ့ ဒီအချက်ကိုလဲဘဲ ရဟန်းတော်က သဘောမပေါက်တော့ မြတ်စွာဘုရားကို ခုလို မေးလျှောက်ပြန်တယ်။

http://www.dhammadownload.com



## သောင်ပေါ်တင်ခြင်းဘေး

## ကောနွေခါ ဘဇ္ဇေ ထလေ ဥဿာဒေါ

ရှင်တော်မြတ်ဘုရား ရဟန်းသောင်ပေါ်တင်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲဘုရားလို့ လျှောက်လိုက်တော့ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်က -

**ထလေ ဥဿာဒေါတိ ဘိက္ခု၊ အသ္မိမာနဿေတံ အဓိဝစနံ**

ချစ်သားရဟန်း ရဟန်းသောင်ပေါ်တင်တယ်ဆိုတာ ရဟန်း သန္တာန်မှာ မာနတရားတွေ သက်ရောက်ဖြစ်ပေါ်လာတာကို ဆိုလိုတယ်။ ရဟန်းဟာ ရာထူးကို အကြောင်းပြု၍ဖြစ်စေ၊ တစ်စုံ တစ်ခုသော ဂုဏ်ကို အကြောင်းပြု၍ဖြစ်စေ၊ ပညာကို အကြောင်း ပြု၍ဖြစ်စေ၊ စည်းစိမ်ဥစ္စာကို အကြောင်းပြု၍ဖြစ်စေ၊ အမျိုးမြတ်တာ ကို အကြောင်းပြု၍ဖြစ်စေ၊ ရုပ်ချော အသံကောင်းတာကို အကြောင်း ပြု၍ဖြစ်စေ မာနဖြစ်လာရင် ဒီရဟန်း သောင်ပေါ်တင်ပြီလို့ မှတ်ကြ ရမယ်။ သစ်တုံး သောင်ပေါ်တင်ရင် သမုဒ္ဒရာထဲ မရောက်သလို မာနကြီးတဲ့ ရဟန်းလဲ နိဗ္ဗာန်မရောက်နိုင်တော့ဘူး။

http://www.dhammadownload.com



**သံချေးနှင့်တူသော မာန**

ယောဂီတို့တစ်တွေ သိရမှာက ဒီမာန ဟာ သံချေးနှင့်တူတယ်။ သံချေးဟာ ဘယ်ကဖြစ်ပေါ်သလဲ။သံကပဲ ဖြစ်ပါတယ်ဘုရား။ အဲဒီသံကဖြစ်တဲ့ သံချေးက အမိဖြစ်တဲ့ သံတိုင်၊ သံတုံး၊ သံချောင်းကို ပြန်ပြီးတော့ စားတယ်။ သံချေးအစားခံရတော့ မိခင်သံတိုင်၊ သံတုံး၊ သံချောင်း ဟာ တဖြည်းဖြည်းနဲ့ ဘဝပျက် ရတယ်။ ဘဝပျက်တယ်ဆိုတာ ပင်ကို ပကတိ သံချောင်း၊ သံ တိုင်၊ သံတုံးလို ဘယ်သူကမှ အသိအမှတ်ပြုပြီး မသုံးတော့တာကို ပြောတာပါ။

ဒီလိုပါဘဲ မာနတရားဟာ ဘယ်သူ့ သန္တာန်မှာ ဖြစ်သလဲ ဆိုရင် မိမိတို့ရဲ့ သန္တာန်မှာပဲဖြစ်ပါတယ်။ မိမိတို့ သန္တာန်ဖြစ်တဲ့ ဒီမာန တရားက မိမိဘဝကို ဖျက်တော့ မိမိရဲ့ ဘဝဟာ ပျက်ရတယ်။ ဒီဘက်ဘဝမှာလဲ မာနကြီးသူကို မြင်သူတိုင်းက ရွံကြတယ်။ မုန်း ကြတယ်။ မျက်တောင်မွေးစူးကြတယ်ပေါ့။ မာနခဲက ပတ်ဝန်းကျင် ကို အဖက်မလုပ်ချင်သလို ပတ်ဝန်းကျင်ကလဲ မာနခဲကို အဖက် မလုပ်ချင်ကြဘူး။ ဒီလိုနဲ့ ယခုဘဝမှာလဲ တဖြည်းဖြည်းဆုတ်ယုတ် နိမ့်ကျပြီး သံသရာကျတော့လဲ ဒီမာနတရားတွေက အကျိုးပေးတော့ ခုန္ဒုတ္တရာ တို့လို ကျွန်မျိုး၊ မုဆိုး တံငါမျိုး၊ သူတောင်းစားမျိုးတွေမှာ ဖြစ်ရတယ်။

http://www.dhammadownload.com



**မာနပယ်လိုလျှင်** ဒါကြောင့် မာနတရားဟာ မိမိတို့ရဲ့ **အနိစ္စာနုပဿနာကိုပွား** သန္တာန်မှာ ထားသင့်တဲ့ တရားလား။ ပယ်သင့်တဲ့တရားလား။ (ပယ်သင့်တဲ့တရားပါဘုရား။) မှန်တာ ပေါ့။ ဒီလောက် ဆိုးကျိုး၊ မကောင်းကျိုးကို ပေးတဲ့ မာနတရား ဘယ် ထားသင့်မလဲ။ ပယ်ကိုပယ်ရမယ်။ အဲဒီမာနတရား ပယ်ချင် ရင်တော့ အနိစ္စာနုပဿနာကို ပွားရမယ်လို့ မြတ်စွာဘုရားမိန့်မှာ တော်မူတယ်။ အနိစ္စာနုပဿနာပွားတယ်ဆိုတာ ဖောက်ပြန် ပြောင်းလွဲ တတ်တဲ့သဘော။ ဖြစ်ပျက် ပေါ်ပျောက်တတ်တဲ့ သဘော ကို ရှုပွားနေတဲ့သဘောပါ။ ဘယ်လိုလဲဆိုရင် -

၁။ **စုနယ်ရှုပ်ဆင်း၊ ပျို့မှုစ်ခြင်းလည်း၊**

**ဒိုခြင်းနောက်ဆုံးရှိချေတကား။**

၂။ **မြောက်ကောင်းရှင်း၊ ကျွန်းမောခြင်းလည်း၊**

**နာခြင်း နောက်ဆုံးရှိချေတကား။**

၃။ **ဆီဆိန့်တင်းလင်း၊ သင်္ကျှင်ခြင်းလည်း၊**

**ဝေခြင်းနောက်ဆုံးရှိချေတကား။**

၄။ **ဥဿာစေ၊ ပေါ်ထြွယ်ဝလည်း၊**

**ပျက်ရ နောက်ဆုံးရှိချေတကား။**

http://www.dhammadownload.com



**၅။ ခန္ဓာရုံသောင်းပင်း၊ ပေါ်များခြင်းလည်း၊ ဖောက်ပြန်ဆုံးရှုံးမြဲဘောသား လျှို့ကြည့်စေ။**

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ခေါ်တဲ့ ဒွါရခြောက်ပါးမှာ ထင်ပေါ်လာတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ ပေါ်ပြီးလျှင်ပျောက်၊ ဖြစ်ပြီးလျှင် ပျက်နေတဲ့ အနိစ္စသဘောတို့ကို ရှုမှတ်ပွားများခြင်း ဖြင့်ဖြစ်စေ ရှုမှတ်ပွားများနေတာကို အနိစ္စာနုပဿနာလို့ ခေါ်တယ်။ အဲဒီအနိစ္စာနုပဿနာ ပွားခြင်းဖြင့် ဒီ မာနတရားဆိုးကို ပယ်ရမယ်။ အဲဒီလို ပယ်ရှားလိုက်လို့ ဒီမာနတရား ကိုယ့်သန္တာန် မရှိတော့ဘူး ဆိုရင် သောင်ပေါ်တင်ခြင်းဘေးက လွတ်လို့ မဂ္ဂင် ရေယဉ်ကြော မျောပြီး နိဗ္ဗာန်ရောက်မှာ သေချာပြီ။ ကဲ ယောဂီတို့ လိုက်ဆိုကြပါ။

**မာနဝင်လျှင်၊ ဆိုက်ကပ်ပင်၊ သောင်တင်လေတော့သည်။**

ဒီလိုဟောလိုက်တော့ ရဟန်းဟာ သောင်ပေါ်တင်တယ် ဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက်သွားတယ်။ ဒီတော့ နောက်တစ်ခုဆက်ပြီး မေးပြန်တယ်။

## လူဆယ်ခြင်းဘေး

## ကောနုခေါ် ဘန္တေ မနုဿဂ္ဂါဟော

မြတ်စွာဘုရား ရဟန်းကို လူဆယ်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲဘုရားလို့ လျှောက်ပြန်တော့ မြတ်စွာဘုရားရှင်က -

http://www.dhammadownload.com



## ဣစ ဘိက္ခု ဂိဟိဟိ သံသဋ္ဌော ဝိဟာရတိ

ချစ်သားရဟန်း ရဟန်းကို လူဆယ်တယ်ဆိုတာ သာသနာတော်မှာ ရဟန်းဟာ ရဟန်းလိုမနေဘဲ လူတွေနဲ့ ရောရော ပြွမ်းပြွမ်းနေတာကို ဆိုလိုတယ်။ ဒါကို ပါဠိတော်က ထပ်ဆင့်ပြီး ဖွင့်ဆိုထားတာက ရဟန်း လူတွေနဲ့ ရောရောပြွမ်းပြွမ်းနေတယ်ဆိုတာ မိမိရဲ့ ဒကာ ဒကာမတွေ ပစ္စည်းဥစ္စာပေါများလို့ဖြစ်စေ၊ ပညာရေး ကောင်းလို့ဖြစ်စေ၊ ကျန်းမာရေးကောင်းလို့ဖြစ်စေ၊ ရာထူးတက်လို့ ဖြစ်စေ၊ အားလုံးအဆင်ပြေကြလို့ ပျော်ရွှင်ဝမ်းမြောက်နေကြရင် ဒီ ရဟန်းလဲ အဲဒီဒကာ ဒကာမတွေလို ဝမ်းမြောက်ပျော်ရွှင်ပြီးနေတယ်။ ဒီဒကာ ဒကာမတွေ ကံမကောင်း အကြောင်းမလှလို့ ရောဂါတွေ ဖြစ်၊ စီးပွားရေးတွေပျက်၊ မီးကလောင်၊ ရေကစား ဒုက္ခတွေများလို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြတဲ့အခါ ဒီရဟန်းမှာလဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လို့ စိုးရိမ်ပူဆွေး ငိုကြွေးပြီးနေရင် ဒီရဟန်းဟာ လူဆယ်ခံနေရတာပဲ။

နောက်တစ်ခါ ဒကာ ဒကာမတွေမှာ လူမှုရေးကိစ္စ၊ စီးပွား ရေးကိစ္စ၊ သားရေး သမီးရေးကိစ္စ၊ ဟိုကိစ္စ ဒီကိစ္စ အဝဝတွေ ပေါ် လာပြန်တော့လဲ ဒီရဟန်းဟာ လိုက်လံဆောင်ရွက်ပေးခြင်းဖြင့်

http://www.dhammadownload.com



မိမိရဲ့အလုပ်ဖြစ်တဲ့ စာပေကျမ်းဂန် ပို့ချခြင်း၊ တရားဘာဝနာ ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း အလုပ်တွေကို မလုပ်နိုင်တော့ရင်လဲ ဒီရဟန်း လူဆယ်ခံရတယ်လို့ ဆိုရတယ်။

## လူကို လူကဆယ်ခြင်း

ရဟန်းကို ပဓာနထား ဟောသော်လဲ ယောဂီများလဲ ဒီအချက်ကို သတိထားစရာ ကောင်းပါတယ်။ လူဆိုတာ (၁) အများလူ၊ (၂) မယားလူ၊ (၃) အလကားလူ၊ (၄) ဘုရားလူလို့ လေးမျိုးရှိတယ်။

၁။ အများလူဆိုတာ အများရဲ့ ကိစ္စလို့ဆိုတဲ့ ရပ်ရေး၊ ရွာရေး၊ တိုင်းရေး၊ ပြည်ရေး ကိစ္စကြီးငယ် အသွယ်သွယ်ဖြင့်သာ အချိန်ကုန်ပြီး မိမိရဲ့ဒါနစတဲ့ ကုသိုလ်ရေးကို အားထုတ်ချိန်မရတဲ့ လူကို အများ လူလို့ ဆိုလိုတယ်။

၂။ မယားလူဆိုတာ မိမိရဲ့ ဇနီးမယားနှင့် သမီးသားကိစ္စတွေ၊ အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန်ပြီး မိမိရဲ့ ကိုယ်ပိုင်အလုပ်ဖြစ်တဲ့ ဒါနလဲ မပြုနိုင်၊ သီလလဲ စောင့်ချိန်မရ၊ တရားအားထုတ်ခွင့်လဲ မသာ၊ ဘယ်ကုသိုလ်ရေးကိုမှ ထည့်ပြီး မတွေးနိုင်ကြတဲ့လူတွေကို မယားလူလို့ ဆိုလိုတယ်။

http://www.dhammadownload.com



၃။ အလကားလူဆိုတာကတော့ ဒီဘဝကြီးပွားရေး စီးပွားရေး ဆိုတဲ့ လောကီကိစ္စကိုလဲမလုပ်၊ ဒါနကုသိုလ်စတဲ့ လောကုတ္တရာကိစ္စကိုလဲမပြုလုပ်၊ ကိုယ့်ကိစ္စလဲမပြု၊ အများကိစ္စကိုလဲ မဆောင်ရွက်၊ ဘာအလုပ်ကိုမှ မယ်မယ်ရရ မလုပ်လိုဘဲ စားလား သောက်လား ပျော်လားပါးလားနဲ့ အချိန်ဖြုန်းနေတဲ့ ပုဂ္ဂိုလ်မျိုးကို အလကားလူလို့ ဆိုလိုတယ်။

၄။ ဘုရားလူဆိုတာကတော့ ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာကိစ္စ၊ ဘာသာရေးကိစ္စ၊ ကုသိုလ်ရေးကိစ္စတွေ ဆောင်ရွက်နေတဲ့ လူမျိုးကို ဘုရားလူလို့ ဆိုတယ်။

အဲဒီလို လူလေးမျိုးထဲက ယောဂီတို့ဟာ အများလူ၊ မယားလူ၊ အလကားလူ ဖြစ်မယ်ဆိုရင်တော့ လူဆယ်ခံရတဲ့ လူဖြစ်နေပြီလို့ မှတ်ပါ။ ဒါကြောင့် ဘုရားလူဖြစ်အောင် ကြိုးစားကြရမယ်။ ဒါမှ လူဆယ်ခြင်းဘေးက လွတ်မယ်။ ကဲ ယောဂီတို့ လိုက်ဆိုကြပါ။

**လူနှင့်ရောပြွမ်း၊ ရှင်ရဟန်း၊ လူပမ်းဆယ်တော့သည်။**

ဒီလိုဟောလိုက်တော့ ရဟန်း လူဆယ်ခံရတယ်ဆိုတာကိုလဲ သဘောပေါက် နားလည်သွားပြီ။ သို့သော်လဲပဲ ရဟန်း နတ်

http://www.dhammadownload.com



ဆယ်ခံရတယ်ဆိုတာကို သဘောမပေါက်သေးပြန်တော့ မြတ်စွာဘုရားကို ဒီလိုလျှောက်တယ်။

## နတ်ဆယ်ခြင်းဘေး

### ကောန္နဓေါ ဘန္တေ အခမနသဃဂ္ဂါယော

ရဟန်းကို နတ်ဆယ်တယ်ဆိုတာကကော ဘာကိုဆိုလိုပါသလဲ ဘုရားလို့လျှောက်တယ်။ လျှောက်တော့ မြတ်စွာဘုရားရှင်က ချစ်သားရဟန်း၊ ရဟန်းနတ်ဆယ်တယ်ဆိုတာ ရဟန်းဟာ နတ်ချမ်းသာကို ဆုတောင်းပြီး ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဘုရားဂုဏ်အာရုံပြု၊ မေတ္တာပွား၊ တရားနာ၊ ဝေယျာဝစ္စ ဆောင်ရွက်တယ်။ အဲဒီလို နတ်ပြည်ကို တောင့်တပြီး ဒါနစတဲ့ ကုသိုလ်ကောင်းမှုပြုလုပ်တဲ့ရဟန်းဟာ နတ်ဆယ်ခံရတဲ့ ရဟန်းလို့ မှတ်ရမယ်။ နတ်ဆယ်ခံရတော့ ဘယ်ကို ရောက်သွား မလဲ။ ( နတ်ပြည် ရောက်သွားပါတယ်ဘုရား။) ဒါဖြင့် နတ်ဆယ်ခံရတာ ကောင်းသလား၊ မကောင်းဘူးလား။ ( မကောင်းပါဘုရား။) ဘာဖြစ်လို့လဲ။ အိုနာသေရေး ဒုက္ခဘေးက မလွတ်နိုင် သေးလို့ပါဘုရား။ သြော်…နတ်လဲ သေတာဘဲလား။ (သေပါတယ်ဘုရား။) သေတဲ့

http://www.dhammadownload.com



အခါ ဆင်းရဲမလား၊ ချမ်းသာမလား။ (ဆင်းရဲပါတယ်ဘုရား။) ဟုတ်တာပေါ့၊ နတ်များလဲ သေကာနီး နတ်စည်းစိမ်တွေကို အပြီးအပိုင် စွန့်ခွာရမည့်အရေး၊ ချစ်လှစွာသော နတ်မိဖုရားတွေနဲ့ ခွဲခွာရမည့်အရေးတို့ကို တွေး၍ဖြစ်စေ၊ မိမိမှာ ဒါနစတဲ့ ကုသိုလ်ကောင်းမှု ဘာတစ်ခုမှ မရှိ၍ အပါယ်လေးပါး ကျမည့်အရေးတွေကို တွေးမိတဲ့အခါဖြစ်စေ စိတ်ထဲမှာ ပြင်းစွာ ပူဆွေး သောကမီးတွေ တောက်လောင်လာမယ်မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) ဒီတော့ ဆင်းရဲတာပေါ့။ ဒါကြောင့် နတ်ဆယ်ခံရတဲ့ဘေးက လွတ်အောင် ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြုတိုင်း ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို ဆုတောင်းပြီး ပြုရမယ်လို့ ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူတယ်။ ကဲ ယောဂီတို့ လိုက်ဆိုကြပါ။

**နတ်ပြည်တောင့်တာ၊ ကျင့်ကြံကာ၊ နတ်ကာဆယ် တော့သည်။**

ကဲ ယောဂီတို့ အပြစ် ဘယ်နှစ်ချက် ဟောပြီးသွားပြီလဲ။ (ခြောက်ချက်ဟောပြီးသွားပါပြီဘုရား။) ခုနစ်ခုမြောက် အမေးပုစ္ဆာကို ရဟန်းတော်လေးက မြတ်စွာဘုရားကို ဒီလို ဆက်လျှောက်ပြန်တယ်။

http://www.dhammadownload.com

- ၃၀ -

**ဝဲစုပ်ခြင်းဘေး**

**ဟောနူခေါ ဘန္တေ အာဝဋ္ဋဂါဟော**

ရှင်တော်မြတ်ဘုရား ဝဲဆိုတာ ဘာကိုဆိုလိုပါသလဲဘုရား လို့ လျှောက်တော့ မြတ်စွာဘုရားရှင်က -

**အာဝဋ္ဋဂါဟောတိ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ**

ချစ်သားရဟန်း ဝဲဆိုတာ အာရုံငါးပါး ကာမဂုဏ်တရား တို့ရဲ့ အမည်ဖြစ်တယ်။ လောကမှာလဲ ဝဲဆိုတာရှိတယ်။ မြစ်ထဲ သမုဒ္ဒရာထဲမှာ ရေတွေဟာ ကတော့ကြီးလို ချာချာလည်နေတဲ့ သဘောကို ဝဲလို့ခေါ်တယ်။ အချို့ဝဲကြီးတွေဆိုရင် အင်မတန် ကြီးမားတယ်။ တဝေါဝေါနဲ့ မြည်ဟည်းပြီးတော့ အနားမှာရောက် လာတဲ့ လှေသင်္ဘော၊ လူ၊ တိရစ္ဆာန် စသည်တွေကို ဆွဲစုပ်ပြီး အောက်မှာ ကျောက်ဆောင်နဲ့တိုက်၊ နွံတွေထဲနစ်မြုပ်၊ သဲတွေနဲ့ဖို့ပစ် လိုက်တာ ဒီလှေ၊ သင်္ဘော၊ လူ စသည်တွေဟာ ပြန်မပေါ်လာနိုင် တော့ဘူး။ အားလုံး သေကြေပျက်စီးကြရတယ်။ ဒီလိုပဲ အာရုံငါးပါး ကာမဂုဏ်တရားဆိုတဲ့ ဝဲဟာလဲ သူတို့ကို မြင်သူ၊ ကြားသူတို့၏ စိတ်နှလုံးကို ဆွဲစုပ်ပြီး အပါယ်လေးပါးအထိ ပို့လိုက် တာများ

http://www.dhammadownload.com



ပြန်ပေါ်လာတဲ့သတ္တဝါ အင်မတန် နည်းတယ်။

ဒါကြောင့်ဒီအာရုံ ကာမဂုဏ်တွေကို အကြောင်းပြုပြီး ရဟန်းသန္တာန်မှာ ကိလေသာတွေဖြစ်လာပြီဆိုရင် ဒီရဟန်း ဝဲစုပ်ခံရတယ်။ ဝဲစုပ်ခံရရင် ဘယ်ရောက်သွားမလဲ။ (အပါယ်လေးပါး ရောက်သွားပါမယ် ဘုရား။) ဒီတော့ နိဗ္ဗာန်နဲ့ ဝေးသွားပြီ မဟုတ်လား။ (မှန်ပါဘုရား။) နိဗ္ဗာန်လိုချင်ကြလို့ တရားအားထုတ်ကြတဲ့ ယောဂီများအနေနဲ့ မိမိတို့လိုလားတဲ့ နိဗ္ဗာန်ရောက်အောင် ဒီအာရုံတွေကို မပြတ်ရှုမှတ်ခြင်းဖြင့် သမ္မာဒိဋ္ဌိရေယဉ်ကြော ဆက်လက်မျော ပြီး နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို အရောက်သွားကြရမယ်။ ကဲလိုက်ဆို-

**အာရုံငါးပါး၊ တပ်မက်ငြား၊ မှတ်သားဝဲစုပ်သည်။**

## အတွင်းပုပ်ခြင်းဘေး

နောက်တစ်ချက် ဘာကျန်သေးသလဲ။ (အတွင်းပုပ်ခြင်း ဘေးပါဘုရား။) ဒါကိုလဲ ရဟန်းတော်က မသိတော့ -

**ကောနု ခေါ ဘန္တေ အန္တော ပူတိဘာဝေါ**

http://www.dhammadownload.com



ရဟန်းအတွင်းပုပ်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲလို့ မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားရှင်က –

**ဣဓ ဘိက္ခုဒုဿီလော ဟောတိ။**

ချစ်သားရဟန်း ရဟန်းအတွင်းပုပ်တယ်ဆိုတာ ကိုယ်ကျင့်သီလပျက်ပြားတာကို ဆိုလိုတယ်။ ကိုယ်ကျင့်သီလ ဆိုတာ လူမှာလဲ လူ့ဆိုင်ရာ ကိုယ်ကျင့်သီလ၊ ရှင်ရဟန်းမှာလဲ ရှင်ရဟန်းတို့နှင့်ဆိုင်ရာ ကိုယ်ကျင့်သီလတွေရှိကြတယ်။ အဲဒီ ကိုယ်ကျင့်သီလတွေပျက်ပြားရင်အတွင်းပုပ်ပြီလို့ မှတ်ကြရမယ်။ ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ ပုဂ္ဂိုလ်သည် အဲဒီချို့ယွင်းချက်ကို လူသူမသိအောင် ဖုံးရ ကာကွယ်ရ ဟန်ဆောင်ကြရတယ်။ ဟန်ဆောင်ရတဲ့ ပုဂ္ဂိုလ်ရဲ့ အတွင်းစိတ်ဟာ ဖြူစင်သန့်ရှင်းနေမလား၊ ရှုပ်ထွေးညစ်ပေနေမလား။ (ရှုပ်ထွေးညစ်ပေနေပါတယ်ဘုရား။) ဘာတွေနဲ့ ရှုပ်ထွေးညစ်ပေနေသလဲဆိုရင် ကိုယ့်အပြစ်ကို လူသူအများ သိမှာ စိုးရိမ်မှု၊ ကိုယ့်မှာမရှိတဲ့ သီလ သမာဓိ ပညာဂုဏ်တွေကို အများက ရှိတယ်လို့ ထင်စေချင်တဲ့သဘော စတဲ့ ကိလေသာတရားဆိုးတွေနဲ့ ရှုပ်ထွေးညစ်ပေနေကြတယ်။ အဲဒီလိုရှုပ်ထွေးညစ်ပေနေတဲ့ ပုဂ္ဂိုလ်ဟာ မဂ္ဂင်ရေယဉ်ကြောမှာ မမျောနိုင်တော့ လို့ နိဗ္ဗာန်ကို မရောက်နိုင်ကြတာ သေချာတယ်။

http://www.dhammadownload.com



ဒါကြောင့်ရှင်ဟာ ရှင်ရဲ့သီလ၊ ရဟန်း ဟာ ရဟန်းရဲ့သီလ၊ လူဟာ လူရဲ့သီလ စတဲ့ မိမိတို့ဆိုင်ရာ သီလအသီးသီးတို့ကို လုံခြုံအောင် စောင့်စည်းထိန်းသိမ်းကြရမယ်။ ဒါမှသာ အတွင်းပုပ်ခြင်းဆိုတဲ့ဘေးက လွတ်ကင်းလို့ မဂ္ဂင်ရေယဉ်ကြော မျောကာ နိဗ္ဗာန်ကို ရောက်ကြမှာဖြစ်တယ်။ ဒါကြောင့် ယောဂီတို့လဲ အတွင်းပုပ်ခြင်းဘေးကလွတ်ပြီး နိဗ္ဗာန်ကို ရောက်နိုင်ကြဖို့ မိမိတို့ရဲ့ ကိုယ်ကျင့်တရားတွေကို လုံခြုံအောင် စောင့်ထိန်းကြပါလို့ ဦးပဉ္ဇင်းတို့အနေနဲ့ တိုက်တွန်းလိုပါတယ်။ ကဲယောဂီတို့ လိုက်ဆိုကြပါ။

**ကိုယ်ကျင့်မပေါ၊ ဟာန်ဆောင်တော၊ တွင်းမှာပုပ်ဆွေးသည်။**

ရဟန်းတော်ကမေးလို့ ဘုရားရှင်က ဖြေရှင်းဟောကြားတော်မူလိုက်တာ အပြစ်ရှစ်ချက်လုံး ရှင်းလင်းမသွားပေဘူးလား။ ရှင်း လင်းသွားပါပြီဘုရား။ ကဲ သေချာမှတ်မိသွားအောင် အဲဒီအပြစ် ရှစ်ချက်ကို တစ်ခုချင်း ပြန်ပြောပြကြပါဦး။

((၁) ဤဘက်ကမ်းတင်ခြင်း၊ (၂) ဟိုဘက်ကမ်းတင်ခြင်း၊ (၃) ရေလယ်မြုပ်ခြင်း၊ (၄) သောင်ပေါ်တင်ခြင်း၊ (၅) လူဆယ်ခြင်း၊ (၆) နတ်ဆယ်ခြင်း၊ (၇) ဝဲစုပ်ခြင်း၊ (၈) အတွင်းပုပ်ခြင်းတို့ပါဘုရား။ )

http://www.dhammadownload.com



အမယ် ဦးပဥ္စင်းတို့ယောဂီတွေ တယ်မှတ်ဉာဏ်ကောင်းကြပါလား။ ဒီတော့ ဒီဘေးတွေကလွတ်ပြီး နိဗ္ဗာန်ကို ရချင် ရောက်ချင်ကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဒီအပြစ်ရှစ်ချက်က ကင်းလွတ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမယ်။

ဘယ်လိုကျင့်ကြံကြိုးကုတ် အားထုတ်ကြရမလဲဆိုရင် ယောဂီတို့ ခုရှုမှတ်နေတဲ့ နည်းအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ပါပဲ။ ပဌမဆုံးသီလဆောက်တည်၊ ဆောက်တည်ပြီးတဲ့ သီလကို အခြေခံထားပြီး ဒွါရခြောက်ပါးမှာပေါ်လာတဲ့ အာရုံခြောက်ပါးတို့ကို ရှုမှတ်ကြရမယ်။ ရှုမှတ်ပုံက ဒီလိုပါ။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အဆင်းတွေကို မျက်စိနဲ့မြင်တဲ့အခါ မြင်ခိုက် မြင်ခိုက်မှာ "မြင်တယ် မြင်တယ်" လို့ ရှုမှတ်နေရမယ်။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အသံတွေကို နားနှင့် ကြားတိုင်း ကြားတိုင်း ကြားခိုက် ကြားခိုက်မှာ "ကြားတယ် ကြားတယ်"၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး သော အနံ့တွေ နှာခေါင်းနဲ့ နံတဲ့အခါမှာလဲ နံတိုင်းနံတိုင်း "နံတယ် နံတယ်"၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အရသာတွေ ကို လျှာနဲ့ တွေ့ထိခံစားတဲ့အခါမှာလဲ "စားတယ် စားတယ်"၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသာ အတွေ့အထိ

http://www.dhammadownload.com



တွေကို ခန္ဓာကိုယ်နဲ့ တွေ့ထိတိုင်း တွေ့ထိတိုင်းလဲ နူးညံ့ရင် "နူးညံ့တယ်"၊ ကြမ်းတမ်းရင် "ကြမ်းတမ်းတယ်"၊ အေးရင် "အေးတယ်"၊ ပူရင် "ပူတယ်"၊ ပေါ့ရင် "ပေါ့တယ်"၊ လေးရင် "လေးတယ်"၊ ထုံကျဉ်ကိုက်ခဲရင် "ထုံကျဉ်ကိုက်ခဲတယ်" စသည်ဖြင့် ရှုမှတ်ကြရမယ်။ စိတ်နဲ့ ကြံသိမှု သဘောတွေ ကို ကြံတွေးတိုင်း ကြံတွေးတိုင်း "ကြံတွေးတယ် ကြံတွေးတယ်"၊ စိတ်ကူးရင် "စိတ်ကူးတယ်"၊ စဉ်းစားရင် "စဉ်းစားတယ်" လို့ ရှုမှတ်ကြရမယ်။ လိုချင်မှု၊ စိတ်ဆိုး စိတ်ပျက်မှု စိတ်တွေဖြစ်လဲ ရှုမှတ်ရပါမယ်။

ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ နှုတ်နဲ့ အပြစ်မကင်းတဲ့ အပြောမျိုးကို ပြောပါဦးမလား။ (မပြောပါဘုရား။) မပြောတော့ သမ္မာဝါစာခေါ်တဲ့ သီလမဂ္ဂင် ပြည့်စုံလုံခြုံတယ်။

ကိုယ်နဲ့ကော အပြစ်မကင်းတဲ့ အလုပ်ကို ပြုလုပ်ပါဦးမလား။ (မပြုလုပ်ပါဘုရား။) မပြုလုပ်တော့ သမ္မာကမ္မန္တခေါ်တဲ့ သီလမဂ္ဂင်လဲ ပြည့်စုံလုံခြုံပြန်တယ်။

အပြစ်မကင်းတဲ့ အသက်မွေးဝမ်းကျောင်းနဲ့ကော ဒီယောဂီဟာ အသက်မွေးပါဦးမလား။ (အသက်မမွေးပါဘုရား။) ဒီတော့ သမ္မာအာဇီဝခေါ်တဲ့ သီလမဂ္ဂင်လဲ ပြည့်စုံလုံခြုံပြန်တယ်။ ဒါဟာ

http://www.dhammadownload.com



ဝိပဿနာရှုပွားခိုက်မှာ အပြစ်မကင်းတဲ့ အပြော၊ အလုပ်၊ အသက်မွေးမှုများကို ရှောင်ကြဉ်ခြင်းအားဖြင့် ပြည့်စုံတဲ့ သီလမဂ္ဂင် (၃) ပါးပဲ။

## ဝိပဿနာယောဂီများ သိရတဲ့ သစ္စာလေးပါး

နောက်ပြီး မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ ဒွါရခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ကြံသိမှု သဘောတို့ကို ပေါ်ခိုက် ပေါ်ခိုက်မှာ မပြတ် တရစပ် စူးစူးစိုက်စိုက် ရှုမှတ်နေတာဟာ သမ္မာသတိ မဂ္ဂင်ပဲ။ ဒီလို သမ္မာသတိမဂ္ဂင်က ပေါ်တိုင်း ပေါ်တိုင်း အာရုံများကို မပြတ် တရစပ် ရှုမှတ်နိုင်အောင် ကြောင့်ကြစိုက် တိုက်တွန်းပေးနေတဲ့ သဘောတစ်ခု ရှိသေးတယ်။ အဲဒီသဘောက သမ္မာဝါယာမ မဂ္ဂင်ပဲ။ ယောဂီဟာ ဘယ်လိုပဲ ပေါ်တိုင်း ပေါ်တိုင်း အာရုံတွေကို မပြတ် တရစပ် ရှုမှတ်နိုင်အောင် ကြိုးစားရှုသော်လဲ တစ်ခါတစ်ရံမှာ အရှုခံရုပ်သဘောနဲ့ အရှုခံ နာမ်သဘောတို့အပေါ် ရှုသိစိတ်က မကပ်မရောက် မတည့်ဘဲလဲဖြစ်နေတတ်သေးတယ်။ အဲဒီအခါ ယောဂီက အရှုခံရုပ်နာမ်အာရုံတွေအပေါ် ရှုသိစိတ်ကလေး

http://www.dhammadownload.com



ပြန်တည့်သွားအောင် ကပ်သွားအောင် ကပ်ပေး၊ တည့်ပေး၊ တင်ပေးတဲ့ သဘောကလေး ရှိတယ်။ အဲဒီသဘောကိုတော့ သမ္မာသင်္ကပ္ပမဂ္ဂင်လို့ ခေါ်တယ်။ ဒီလိုနည်းဖြင့် သမ္မာဝါယာမ မဂ္ဂင်က ကြောင့်ကြစိုက် လုံ့လပြုပေး လို့ သမ္မာသတိ မဂ္ဂင်က မပြတ် တရစပ် ဒီအာရုံတွေကို ရှုးရှုးစိုက်စိုက်ရှုမှတ်တယ်။ ရှုဖန်များလာတော့ အရှုခံ ရုပ်နာမ်တွေပေါ်မှာ ရှုသိစိတ်ဟာ တည်ငြိမ်ပြီး လာတယ်။ အဲဒီ အရှုခံ ရုပ်နာမ်အာရုံ အပေါ်မှာ ရှုနိုက် ရှုနိုက် တည်တည်သွားတဲ့ ဒီသဘောကလေးကိုတော့ သမ္မာသမာဓိ မဂ္ဂင်လို့ ခေါ်တယ်။ ဝိပဿနာ ခဏိက သမာဓိ ပေါ့။ ဒီဝိပဿနာ ခဏိက သမာဓိဟာ ရုပ်အာရုံ နာမ်အာရုံ ပေါ်နိုက် ပေါ်နိုက် ခဏမှာသာ ရှုရလို့ အရှုခံအာရုံအပေါ် မှာ ခဏမျှ စိုက် တည်ရပေမယ့် အာရုံပေါ်တိုင်း ပေါ်တိုင်း ရှုနေရတာဖြစ်တော့ အဆက်မပြတ် တည်ငြိမ်နေတဲ့အတွက် တည်ငြိမ်မှု အလွန်အား ကောင်းပါတယ်။ အဲဒီလောက် တည်ငြိမ်မှုအားကောင်းတဲ့အခါ ရှုသိစိတ်ထဲမှာ ကိလေသာနီဝရဏ မဝင်လာနိုင်အောင် ခွါထားနိုင်လို့ စိတ်စင်ကြယ်မှု စိတ္တဝိသုဒ္ဓိလဲ ဖြစ်လာတယ်။ အဲဒီအခါ စင်ကြယ်နေတဲ့ စိတ်အစဉ်မှာပါလာတဲ့ အသိဉာဏ်ဟာ အရှုခံရုပ်နာမ်တို့ရဲ့

http://www.dhammadownload.com



မမြဲဆင်းရဲ ပုဂ္ဂိုလ်သတ္တဝါ အတ္တမဟုတ်တဲ့ သဘောတို့ကို သိမြင်ပြီးလာတယ်။ အဲဒါက သမ္မာဒိဋ္ဌိမဂ္ဂင်ပါ။ အမှန်သိဉာဏ်ပေါ့။ ယောဂီတို့ဟာ အခုပြောခဲ့တဲ့အတိုင်း စင်ကြယ်တဲ့ သီလ ကို အခြေခံထားပြီး ပေါ်ရာ ပေါ်ရာ ရုပ်နာမ်တို့ကို ရှုမှတ်ပွားများ ရာမှာ မဂ္ဂင်ရှစ်ပါး ပါဝင်ဖြစ်ပွားနေတာက ဖြစ်ပွားစေရမည့် မဂ္ဂသစ္စာကို ဖြစ်ပွားအောင် ပွားများ အားထုတ်နေခြင်းပါပဲ။ ယောဂီတို့ အားလုံး မဂ္ဂင်ဘယ်နှစ်ပါးရှိသွားပြီလဲ။ (ရှစ်ပါးပါဘုရား။) အဲဒီ မဂ္ဂင်ရှစ်ပါးကတော့ ဝိပဿနာ တရားကို ကြိုးစားအားထုတ်တဲ့ ယောဂီများသန္တာန်မှာဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဖြစ်တယ်။ ယောဂီမဂ္ဂင်ရှစ်ပါးလို့ ဆိုရမှာပေါ့ -

အများနားလည်နေကြတဲ့ မဂ္ဂင်ဆိုတာ ရှိသေးတယ်။ အဲဒါကတော့

(၁) **သမ္မာဒိဋ္ဌိ** - ကံ ကံ၏ အကျိုးတရား ရှိတယ် လို့ ယူဆခြင်း၊

(၂) **သမ္မာသင်္ကပ္ပ**-ကုသိုလ်ကောင်းမှုဆိုင်ရာတို့ကို ကြံစည်ခြင်း၊

(၃) **သမ္မာဝါစာ** - ကောင်းတဲ့ (အပြစ်ကင်းတဲ့) စကားကို ပြောဆိုခြင်း၊

(၄) **သမ္မာကမ္မန္တ**-ကောင်းတဲ့ (အပြစ်ကင်းတဲ့) အလုပ်ကို ပြုလုပ်ခြင်း၊

http://www.dhammadownload.com



(၅) **သမ္မာအာဇီဝ**–မှန်ကန်တဲ့ (အပြစ်ကင်းတဲ့) အသက်မွေးမှုဖြင့် အသက်မွေးခြင်း၊

(၆) **သမ္မာဝါယာမ**–ကုသိုလ်ကောင်းမှုဆိုင်ရာ ကိစ္စများကို ကြိုးစားပြုလုပ်ခြင်း၊

(၇) **သမ္မာသတိ**–ကုသိုလ်ကောင်းမှုဆိုင်ရာကို အမှတ်ရနေခြင်း၊

(၈) **သမ္မာသမာဓိ**–ကုသိုလ်ကောင်းမှု ကိစ္စစုတွေပေါ်မှာ တည်ငြိမ်ခြင်း (စိတ်ဝင်စားနေခြင်း)။

ဒီမဂ္ဂင်ရှစ်ပါးဟာ အများနားလည်နေကြတဲ့ မဂ္ဂင်တွေပါပဲ။ ဒီပွားများ အားထုတ်ရမယ့် မဂ္ဂသစ္စာခေါ် မဂ္ဂင်ရှစ်ပါးကို ပွားများနေတဲ့ ယောဂီရဲ့ သန္တာန်မှာ အရှုခံ ရုပ်နာမ်တို့ရဲ့ တစ်စက္ကန့်မျှ တည်မြဲမနေဘဲ အမြဲမပြတ် တရစပ် ဖြစ်ပျက်နေတဲ့ ရုပ်အစဉ် နာမ်အစဉ်မျှသာပဲ။ ဒီဖြစ်ပျက်မှုဖြင့် မပြတ်နှိပ်စက်နေတဲ့အတွက် မကောင်းတဲ့သဘော ဆင်းရဲတဲ့ သဘောတွေပဲ။ တည်မြဲနေတဲ့ ပုဂ္ဂိုလ် သတ္တဝါ အတ္တရယ်လို့ ဘာတစ်ခုမျှ မရှိပါဘဲလားလို့ ရုပ်နာမ် သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို ပိုင်းပိုင်းခြားခြား သိမြင်လာပါတယ်။ ဒီအသိဉာဏ်ကလေးကတော့ ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိမြင်နေခြင်းပါပဲ။ အဲဒီလို ဒုက္ခဆင်းရဲတွေကို

http://www.dhammadownload.com



အမှန်သိဉာဏ်ဖြင့် ကိုယ်တိုင်ပိုင်းပိုင်းခြားခြား သိနေခိုက်မှာ ဒီရုပ်နာမ်ဆင်းရဲတွေအပေါ် လိုချင်တပ်မက်နှစ်သက်တွယ်တာမှု တဏှာလောဘဖြစ်နိုင်ပါတော့မလား။ (မဖြစ်နိုင်တော့ပါဘုရား။) အဲဒါဟာ ပယ်ရမယ့် သမုဒယသစ္စာကို ဝိပဿနာဉာဏ်က တဒင်္ဂပဟာန်အနေဖြင့် ပယ်သတ်ခြင်းပါပဲ။ ဒီနည်းဖြင့် သမုဒယသစ္စာ တဏှာကင်းနေရင် အမှန်အတိုင်းသိရတဲ့ ဒီအရှုခံရုပ် အရှုခံနာမ် ရှုသိစိတ်တွေ နဲ့ ပတ်သက်ပြီး ကိလေသာဆင်းရဲ၊ ဘဝသစ်ဖြစ်ခြင်း ဆင်းရဲတွေဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းသွားတယ်။ အဲဒါဟာ နိရောဓသစ္စာပဲ။ သမုစ္ဆေဒ နိရောဓတော့လဲ မဟုတ်သေးပါ။ ဒါကို တဒင်္ဂ နိရောဓလို့ ခေါ်တယ်။ ခုပြောခဲ့သလို ယောဂီတို့ဟာ စင်ကြယ်တဲ့ သီလကို အခြေခံထားပြီး ဒွါရခြောက်ပါးမှာ ပေါ်ရာ ပေါ်ရာ အာရုံတို့ကို ရှုမှတ်ပွားများနေလို့ ဝိပဿနာယောဂီများသိရတဲ့ သစ္စာလေးပါးကို သိရတော့ ဒီယောဂီဟာ ဤဘက်ကမ်းတင်ပါဦးမလား။ (မတင်ပါဘုရား။) ဟိုဘက်ကမ်းကော။ (မတင်တော့ပါဘုရား။) ရေလယ်ကော။ (မမြုပ်တော့ပါဘုရား။) သောင်ပေါ်ကော။ (မတင်တော့ပါဘုရား။) လူဆယ်ခြင်း၊ နတ်ဆယ်ခြင်းကော။ (မခံရတော့ပါဘုရား။) ဝဲစုပ်ခြင်း၊ အတွင်းပုပ်ခြင်းကော ဖြစ်ဦးမလား။ (မဖြစ်တော့ပါ

http://www.dhammadownload.com



ဘုရား။) ဒီလိုဆို အပြစ်ရှစ်ချက်က ကင်းလွတ်ပြီပေါ့။ (ကင်းလွတ်ပါပြီဘုရား။)

ဒါကြောင့် ယောဂီများဟာ ဒီဘက်ကမ်းတင်ခြင်း စတဲ့ အပြစ်ရှစ်ချက်က ကင်းလွတ်ပြီး နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်အောင် ဒွါရခြောက်ပါးမှာ ပေါ်လာတဲ့ အာရုံများကို ပေါ်ခိုက် ပေါ်ခိုက်မှာ သတိဦးစီးတဲ့စိတ်နဲ့ မပြတ်တရစပ် ရှုမှတ်ကြပါ။ ရှုမှတ်ပွားများခြင်းဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့်တက်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်မျက်မှောက်ပြုနိုင်ကြပါစေ။

## ဆုတောင်းမေတ္တာ

သတ္တဝါမှန်သမျှ၊ တရားရ၊ အေးမြချမ်းသာရှိပါစေ။

http://www.dhammadownload.com



# ဒုတိယနေ့

မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ခရစ်သက္ကရာဇ် ၁၉၉၅ ခု၊ အောက်တိုဘာလ ၁၉ ရက်၊ ကြာသာပတေးနေ့၌ ဟောကြားအပ်သော ဒါရုက္ခန္ဓောပမသုတ္တန်တရားတော် ဒုတိယပိုင်း။

ပြီးခဲ့တဲ့ စနေနေ့က ပထမပိုင်းကို သိလွယ်၊ မြင်လွယ်အောင် အကျဉ်းချုံးပြီး ဟောကြားခဲ့တယ်။ ယနေ့တော့ အဲဒါကို အကျယ်တဝင့် တန်ဆာဆင်ပြီး ဟောရမယ်။

ဒီဒါရုက္ခန္ဓောပမသုတ္တန်ကို မြတ်စွာဘုရားရှင်ဟာ ကောသမ္ဗီမြို့အနီး ဂင်္ဂါမြစ်နဖူး တောအုပ်ကြီးတစ်ခု၏ အစပ်သစ်ပင်ကြီးအောက် မြက်ခင်းပေါ်မှာ ရဟန်းတော် ၅၀၀-တို့အား ဟောကြားတော်မူတယ်။

## သိလွယ်ဖို့ရာ ဥပမာများ

ဒီသုတ္တန်မှာ မြတ်စွာဘုရားရှင်သည် ရဟန်းတော်များ တရားတော်ကို သိမြင်လွယ်အောင် ရဟန်းတို့၏ ခန္ဓာကိုယ်ကို သစ်တုံးကြီးပမာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကို တသွင်သွင် စီးဆင်းနေတဲ့ ဂင်္ဂါမြစ်

http://www.dhammadownload.com



ရေပမာ၊ သံသရာကြီးကို ဂင်္ဂါမြစ်ပမာ၊ နိဗ္ဗာန်ကို သမုဒ္ဒရာကြီးပမာ ပြုလို့ ဟောကြားတော်မူခဲ့တယ်။ ဥပမာပေါင်းအားလုံး ၁၂-ချက် ဖြင့် တန်ဆာဆင်ပြီး ဟောခဲ့ပါတယ်။

ဒါကြောင့် ဒီဒေသနာတော်ဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒါကို မှတ်လို့လွယ်အောင် ဓမ္မကဗျာများ ပြုလုပ်ပြီး ယောဂီတို့ကို ဓမ္မဒါနပြုထားတယ်။ အဲဒီစာရွက်ကို ကြည့်ပြီး ဖြေကြည့်ကြရအောင်။ ခန္ဓာကိုယ်ကြီးနဲ့ ဘာနဲ့တူသလဲ။ (သစ်တုံးကြီးနဲ့ တူပါတယ်ဘုရား။) ဂင်္ဂါမြစ်ရေနဲ့ ဘာနဲ့ တူသလဲ။ (သမ္မာဒိဋ္ဌိ မဂ္ဂင်နဲ့ တူပါတယ်ဘုရား။) ဂင်္ဂါမြစ်က ဘာနဲ့တူသလဲ။ (သံသရာကြီးနဲ့ တူပါတယ်ဘုရား။) ကိုင်း ပင်လယ်သမုဒ္ဒရာကြီးကကော- (နိဗ္ဗာန်နဲ့ တူပါတယ်ဘုရား။)

အဲဒီဂင်္ဂါမြစ်ထဲမှာ မျောပါလာတဲ့ သစ်တုံးကြီးဟာ ဤဘက်ကမ်းတင်ခြင်းစတဲ့ အပြစ်ရှစ်ချက်က ကင်းလွတ်ခဲ့ရင် သမုဒ္ဒရာထဲ ရောက်သလို ချစ်သားတို့ တစ်တွေလဲ ဤဘက်ကမ်း တင်ခြင်းစတဲ့ အပြစ် (၈) ချက်က ကင်းရင် နိဗ္ဗာန်ကို ရောက်လိမ့်မယ်လို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူပါတယ်။ ဒီနေရာမှာ ရဟန်း ဤဘက်ကမ်းတင်တဲ့အဓိပ္ပါယ်ကို ရှေ့ပိုင်းက အကျဉ်းပြော့ပြခဲ့ပါပြီ။

http://www.dhammadownload.com

– ၄၄ –

## ဥာဏ်ဘက်ကမ်းတင်သူ မသုဇာ

ယနေ့ကတော့ ဓမ္မပဒအဋ္ဌကထာမှာပါတဲ့ မသုဇာအကြောင်းကို ထည့်သွင်းပြီး အကျယ်တဝင့် ဟောပေးပါ့မယ်။ ဒီမသုဇာဆိုတဲ့ အမျိုးသမီးလေးဟာ မစလရွာသား မဃလုလင်ရဲ့ ဇနီးတစ်ယောက်ပဲ။ မဃလုလင်မှာ မသုဇာ၊ မသုဓမ္မာ၊ မနန္ဒာ၊ မစိတ္တာရယ်လို့ ဇနီးလေးယောက်ရှိသတဲ့။ ကိုမဃဟာ အသက်ထက်ဆုံး မိဘနှစ်ပါးကို ပြုစု လုပ်ကျွေးတယ်။ အမျိုးထဲမှာ အသက်အရွယ်ကြီးတဲ့သူများကို ရိုသေ လေးစားတယ်။ စကားပြောလဲ ချိုချိုသာသာ ပြောတယ်။ ကျိုးရှိ ဟုတ်မှန်တဲ့ စကားကိုသာ ပြောလေ့ရှိတယ်။ စွန့်ကြဲပေးကမ်းမှုမှာလဲ ရက်ရောတယ်။ ကိုယ်ကျင့်တရားလဲ ပြည့်စုံတယ်။ မေတ္တာတရားနဲ့ အမြဲတစေ နေသတဲ့။ အိမ်တွင်းအိမ်ပြင် ရွာတွင်း ရွာပြင်တွေမှာလဲ သန့်ရှင်းလေ့ရှိတယ်။ အသွားအလာခက်တဲ့နေရာတွေမှာ တံတားခင်းတယ်။ မြက်သစ်ရွက် စသဖြင့် ရှုပ်ပွေနေရင် သန့်ရှင်းသုတ်သင်တယ်၊ အနိမ့်အမြင့်ဖြစ်နေလို့ မညီညွတ်တဲ့ မြေနေရာတွေကို မြင်တွေ့ရင် ညီညွတ်အောင် ပြုပြင်ခြင်းစတဲ့ သန့်ရှင်းရေး ဝေယျာဝစ္စကုသိုလ်များကို ပြုလုပ်ဆောင်ရွက်လေ့ရှိသတဲ့။

http://www.dhammadownload.com



ပထမတော့ သူတစ်ယောက်ထဲပါပဲ။ နောက်တော့ သူ့ကို အားကျပြီး ကူညီဆောင်ရွက်ကြတဲ့ အမျိုးသားတွေဟာ သုံးဆယ်ကျော် ဖြစ်လာကြတယ်။ အဖွဲ့က များလာတော့ သန့်ရှင်းရေးလုပ်ငန်းတွေလဲ တိုးချဲ့ပြုလုပ်လာကြတယ်။ ဒီအကြောင်းအရာ အားလုံးကို နောက်ပိုင်းကျတော့ ရှင်ဘုရင်ကပါသိလို့ သူတို့တစ်တွေအား ရွာကြီး တစ်ရွာကို အပိုင်စားပေးလိုက်တယ်။ သွားလာတဲ့အခါ လွယ်ကူ အောင် စီးတော်ဆင်တစ်စီးကိုလဲ ဆုချလိုက်တယ်။ မသုဓမ္မာ၊ မနန္ဒာ၊ မစိတ္တာဆိုတဲ့ ဇနီးသုံးယောက်ကလဲ ကိုမဃကုသိုလ်ကောင်းမှုပြုသလို ပြုလုပ်အားထုတ်ကြတယ်။ မသုဇာကတော့ အချိန်ရှိသမျှ ကိုယ်လုံးပေါ် မှန်ကြီးရှေ့မှာ လှချင်ဇောတွေနဲ့ ဖြီးလိမ်းပြုပြင်တန်ဆာဆင်လို့ သူ့ခန္ဓာကိုယ် ရုပ်အလှပြုပြင်မှုနဲ့ပဲ အချိန်ကုန်ခဲ့တယ်။ ဤဒေသနာတော်အရ ပြောရရင် ဤဘာက်ကမ်းမှာ တင်နေတယ်လို့ ဆိုရမယ်။ ဘာကုသိုလ်ကောင်းမှုကိုမှ ပြုဖို့ သတိမရဘူးတဲ့။ စိတ် အလှပြင်ဖို့ မေ့နေတယ်ပေါ့။

ဒီလိုနဲ့ သူတို့တစ်တွေ သေကြတဲ့အခါ မသုဇာက တောင်နှစ်လုံးကြားက ရေကန်ထဲမှာ ဗျိုင်းမလေးတစ်ကောင် ဖြစ်ရရှာတယ်။ မဃလုလင်အစရှိတဲ့ အမျိုးသား ၃၀ - ကျော်နှင့် မသုဓမ္မာ၊

http://www.dhammadownload.com



မသုနန္ဒာ၊ မစိတ္တာ တို့ကတော့ တာဝတိံသာနတ်ပြည်ကို ရောက်ကြတယ်။ ဒီဇာတ်လမ်းမှာ မသုဇာအမျိုးသမီးဟာ ရုပ်အလှကိုနေ့စဉ်နေ့တိုင်း ပြုပြင်နေတာဟာ ဘာဖြစ်ချင်လို့ ပြုပြင်နေသလဲ ယောဂီတို့။ လှချင်လို့ ပြုပြင်နေတာမဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) အဲဒီလှချင်တဲ့ သဘောဟာ လောဘပဲ။ မျက်စိ၊ နား၊ နှာ စတဲ့ အတွင်းအာယတန ခြောက်ပါးကို အကြောင်းပြုပြီး သူ့မှာ တဏှာလောဘတွေ ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား။) အဲဒါ ဒီဘက်ကမ်းတင်တယ်လို့ ခေါ်တယ်။ ဒီဘက်ကမ်းတင်နေတော့ မသုဇာဟာ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေကို သတိရတော့ ရဲ့လား။ (မရပါဘုရား။) မရတော့ မဂ္ဂင် ရေယဉ်ကြော မမျောနိုင်တော့ဘူး။ မမျောနိုင်တော့ နိဗ္ဗာန်ရောက်ပါ့မလား။ (မရောက်ပါ ဘုရား။) နိဗ္ဗာန်မရောက်တော့ ဘယ်ရောက်သွားသလဲ။ (မျိုင်း တိရစ္ဆာန်ဘဝရောက်သွားပါတယ်ဘုရား။)

**အလှပြင်နည်း နှစ်မျိုး** ယောဂီတို့ သတိထားဖို့ရာ အလှပြင်နည်းကို ပြောပြချင်တယ်။ အလှပြင်နည်းဟာ နှစ်မျိုးရှိတယ်။ (၁) ရုပ်အလှပြင်တဲ့နည်းနဲ့ (၂) စိတ်ကို အလှပြင်တဲ့နည်းပါပဲ။

http://www.dhammadownload.com



**ရုပ်ကိုအလှပြင်ပုံ** (၁) ရုပ်ကို အလှပြင်တယ်ဆိုတာ မသုဓာလို ကိုယ်လုံးပေါ်မှန်ရှေ့မှာ သနပ်ခါးလိမ်း၊ ပန်းပန်၊ နှုတ်ခမ်းနီဆိုး၊ စိန် ရွှေ ရတနာဆင်၊ ဝမ်းဆက်ဝတ်စုံတွေ တစ်စုံပြီး တစ်စုံလဲ၊ ဒါတွေအားလုံးဟာ ရုပ်အလှကို ပြင်နေတာလို့ခေါ်တယ်။ နောက်ပြီး အိမ်ယာတိုက်တာ မော်တော်ကားတွေ လှသည်ထက်လှအောင် တံမြက်လှည်းခြင်း၊ ဖုန်ခါဆေးသုတ်၊ ပန်းပင်စိုက်၊ ဥယျာဉ်တည်၊ မီးရောင်စုံတွေထွန်းပြီး အမျိုးမျိုးပြုပြင်နေကြတာတွေဟာလဲ ရုပ်အလှကို ပြင်နေကြတာ ဖြစ်တယ်။

**စိတ်ကိုအလှပြင်ပုံ** (၂) စိတ်အလှပြင်တယ်ဆိုတာက မဃလုလင်တို့လို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ သီလ ဆောက်တည်ခြင်း၊ သန့်ရှင်းရေးစတဲ့ ဝေယျာဝစ္စများ ပြုလုပ်ခြင်း၊ တရားနာခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပွားခြင်း၊ တရားအားထုတ်ခြင်း စတဲ့ ကုသိုလ်တရားတွေ ပြုလုပ် အားထုတ်ပြီး မိမိတို့၏ စိတ်အစဉ်ဝယ် လောဘ၊ ဒေါသ စတဲ့ ကိလေသာ အညစ်အကြေးတွေ မဝင်ရအောင် ပြုပြင်နေကြတာဟာ စိတ်အလှပြင်တယ်လို့ခေါ်တယ်။ ဒီ (၂) မျိုးထဲက ယောဂီတို့ဟာ ဘယ်အလှ

http://www.dhammadownload.com



ကို ပြုပြင်နေကြပါသလဲ။ (စိတ်အလှ ပြုပြင်နေကြတာပါ ဘုရား။) ဘယ်အလှပြင်နည်းက ပိုကောင်းသလဲယောဂီတို့။ (စိတ်အလှပြင်နည်းက ပိုကောင်းပါတယ်ဘုရား။) ကိုင်း ယောဂီတို့ မှတ်လွယ်အောင် လိုက်ဆိုကြပါ။

**၁။ ရုပ်လှ၊ စိတ်လှ၊ ဉာဏ်နှစ်လှ၊ ဘယ်လှသာ၍ ချောသနည်း။**

**၂။ ရုပ်လှ စိတ်လှ၊ ဉာဏ်နှစ်လှ၊ စိတ်လှသာ၍ ချောသတည်း။**

**၃။ ရုပ်လှကိုသာ၊ ပြင်သူမှာ၊ ခုပါ နောင်လဲ ဆင်းရဲမည်။**

**၄။ ရုပ်နာမ်အလှ ပြင်ပါမှ၊ ခုလှ နောင်ပါ ချမ်းသာမည်။**

**ရုပ်လှချင်လို့ ဆင်းရဲရ** ဒီလိုအလှပြင်ဖို့ နှစ်မျိုးထဲမှာ ရုပ်အလှကိုသာ အရေးထားပြီး ပြုပြင်နေမယ်ဆိုရင် ဒီဘက်ဘဝမှာလဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ နေရမယ်။ နောက်ဘဝ ကျပြန်တော့လဲ အပါယ်လေးပါး ရောက်ရလို့ ဆင်းရဲဦးမယ်။ ဒီတော့ ခုလဲ ဆင်းရဲ နောင်လဲ ဆင်းရဲတယ် မဟုတ်လား။ (မှန်ပါဘုရား။) ရုပ်အလှကိုသာ ပြင်လို့ ဒီဘဝမှာ ဆင်းရဲတယ်ဆိုတာ ဘယ်လို ဆင်းရဲလဲ ယောဂီတို့။ (ဟောတော်မူပါဘုရား။) အလှပြင်တယ်ဆိုကတည်းက ဘာဖြစ်ချင်လို့ ပြင်တာလဲ။ (လှချင်လို့ပါ

http://www.dhammadownload.com



ဘုရား။) အဲဒီ လှချင်တဲ့သဘောကို လောဘ ကိလေသာလို့ ခေါ်တယ်။ လောဘဖြစ်တော့ ချမ်းသာသလား၊ ဆင်းရဲသလား။ (ဆင်းရဲပါတယ် ဘုရား။) လောဘကြီးလေ ဆင်းရဲလေ မဟုတ်လား။ ကိုယ်ပြင်တဲ့အတိုင်း လှလာပြန်တော့ ဒီအလှကို မသာယာဘူးလား။ (သာယာပါတယ်ဘုရား။) ဒါလဲ လောဘပဲ။ ပြင်တဲ့အတိုင်း လှမလာတဲ့အခါ စိတ်ဆိုးစိတ်ပျက်ခြင်းဒေါသဖြစ်တယ်။ တစ်ခါတလေ အဆင်ပြေလို့ သိပ်လှသွားပြန်တော့ ငါဒီတစ်ခါ ပြင်လိုက်တာ ဟိုမိန်းမထက်တောင် လှသွားတယ်လို့ မာနတွေလဲ ဖြစ်တတ်တယ်။ အများ ကိုယ့်လိုလှသွားမှာ မလိုလားတဲ့ ဣဿာစတဲ့ ကိလေသာတွေလဲ ဖြစ်တတ်တယ်။ ဒီလို ကိလေသာ အညစ်အကြေးတွေ ဗလပွေနဲ့ နေရတော့ ချမ်းသာသလား၊ ဆင်းရဲသလား။ (ဆင်းရဲပါတယ်ဘုရား။) အဲဒါ ရုပ်အလှကိုသာ ပြုပြင်လို့ ဆင်းရဲတဲ့ စိတ်ဆင်းရဲတွေပဲ။

လှချင်တဲ့သူဟာ လှအောင် မပြင်ရဘူးလား။ (ပြင်ရပါတယ်ဘုရား။) ဖြီးရ လိမ်းရ၊ ခြယ်ရ သရတယ် မဟုတ်လား။ ဒီလို ဖြီးလိမ်းခြယ်သနေရတာဟာ ချမ်းသာသလား၊ ဆင်းရဲသလား။ (ဆင်းရဲပါတယ်ဘုရား။) အချို့ဆို လှချင်လွန်းလို့ နဝိုရှိ မျက်ခုံးမွေး

http://www.dhammadownload.com



တွေရိုပ်ပြီး အတုဆွဲကြ၊ မျက်တောင်တု တပ်ကြ၊ ဆံပင်ကောက်အောင် မီးစလောင်းပူပူကြီး ခေါင်းမှာစွပ်လို့ ဒုက္ခတွေခံနေကြရတယ်။ ကိုယ်ခန္ဓာအချိုးကျဖို့ ချောမောလှပဖို့ နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ကြရတာတွေဟာ လှချင်လို့ ဆင်းရဲခံနေကြရတာ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) အဲဒီဆင်းရဲအားလုံးတွေဟာ ရုပ်အလှပြင်လို့ဆင်းရဲတဲ့ ကိုယ်ဆင်းရဲတွေချည်းပဲ။

ဒါကြောင့် ရုပ်အလှသက်သက်ကိုသာ ပြုပြင်ခြင်းသည် ဒီဘဝဘက်မှာပင် ကိုယ်ဆင်းရဲစိတ်ဆင်းရဲ နေရပြီး နောက်ဘဝကျတော့လဲ မသုဓာတို့လို အပါယ်ငရဲကို လားရပြန်တော့၊ သံသရာမှာလဲ ဆင်းရဲရပြန်တယ်။ ဒီတော့ ရုပ်အလှပြင်တာဟာ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတွေမှာ ဆင်းရဲရတယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား။)

**စိတ်အလှပြင်မှု ချမ်းသာရ** စိတ်အလှကိုသာ အဓိကထား ပြုပြင်နေကြတဲ့ ကိုမဃတို့ အဖွဲ့တွေကျတော့ ဒါနစတဲ့ ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်အားထုတ်ခြင်းဖြင့် အဲဒီဘဝမှာလဲ ဒါနကုသိုလ်နဲ့ပျော်၊ သီလကုသိုလ်နဲ့ပျော်၊ဝေယျာဝစ္စကုသိုလ်၊

http://www.dhammadownload.com



ဘာဝနာကုသိုလ်တွေနဲ့ ပျော်ပျော်ကြီးနေပြီး သေတဲ့နောက်ဘဝကျတော့လဲ တာဝတိံသာနတ်ပြည်မှာ သိကြားမင်း၊ နတ်သား၊ နတ်သမီးတွေဖြစ်တော့ လောကီချမ်းသာတွေကိုလဲ ခံစားရတယ်။ နောက်ဆုံးမှာ မြတ်စွာဘုရား၏ သက္ကပဉ္ဟသုတ္တန် တရားတော်ကို နာကြားရတော့ နိဗ္ဗာန်ချမ်းသာလို့ခေါ်တဲ့ လောကုတ္တရာ ချမ်းသာကိုလည်း ခံစားကြရတယ်။ ကိုမဃတို့ အဖွဲ့သူအဖွဲ့သားများဟာ ဒီဘဝရော နောင်ဘဝပါ ပျော်လို့။ လောကီ ချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်ဖြာသော ချမ်းသာတွေကို ခံစား ကြရတယ်မဟုတ်လား။ (မှန်ပါဘုရား။) ဘာကြောင့် ဒီချမ်းသာကို ခံစားရသလဲ ယောဂီတို့။ (စိတ်အလှကို ပြင်ကြလို့ပါဘုရား။)

ဒါကြောင့် ယောဂီသူတော်စင်တို့ဟာ ဒီဝတ္ထုဇာတ်လမ်းကို သာကေပြုလို့ မသုဇာလို ကုသိုလ်ရေးတို့ကို မေ့လောက်အောင်အထိ ရုပ်အလှကို ပြုပြင်မှုဖြင့်သာ အချိန်မကုန်စေဘဲ မဃလုလင်တို့လို စိတ်အလှ ပြုပြင်ခြင်းလို့ဆိုတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တရားတို့ကိုလဲ အခွင့်သင့်ရင် သင့်သလို ကြိုးစားပြုလုပ်ကြခြင်းဖြင့် စိတ်အလှပြင်မှုကိုလဲ ပြုလုပ်ကြရမယ်။ ဒါမှသာ ရုပ်ရော စိတ်ပါ လှလို့ ခုဘဝရော နောင်ဘဝပါ ချမ်းသာရကြလိမ့်မယ်။

http://www.dhammadownload.com



**စိတ်အလျှပြင်ပါ** အချိန်ရလို့ စိတ်အလှ ပြင်ပုံကို ပြောပါဦးမယ်။

စိတ်ဆိုတာ ကုသိုလ်စိတ်ပဲဖြစ်စေ၊ အကုသိုလ်စိတ်ပဲဖြစ်စေ၊ အခြားစိတ်ပဲဖြစ်စေ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ကြတဲ့အခါမှာ တစ်စိတ်ပြီးမှ တစ်စိတ် ဖြစ်ရိုးရှိတယ်။ ဘယ်တော့မှ တစ်ချိန်ထဲမှာ နှစ်စိတ်ပြိုင်ပြီး မဖြစ်ကြဘူး။

**ဒကာ ဒကာမများ** ဒါကြောင့် လူဒကာ ဒကာမများမှာ

**စိတ်အလှပြင်နည်း** ဘုရားဂုဏ်တော်များ အာရုံပြုလို့ ဘုရားရှင်အား ပန်း ရေချမ်း ဆွမ်း ဆီမီး စသည် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ကျောင်းကန် ဘုရားသွားပြီး ဘုရားဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စ ပြုလုပ် ဆောင်ရွက်ခြင်း၊ သီလ ဆောက်တည်ခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပွားများခြင်း၊ တရားအားထုတ်ခြင်း၊ ဘာသာရေး စာပေများကြည့်ရှုမှတ်သားခြင်း စသည့် ကုသိုလ်ကောင်းမှုများကို တစ်ခုမဟုတ်တစ်ခုဆိုသလို ပြုလုပ်အားထုတ်နေရမယ်။ ဒီလိုပြုလုပ်နေရင် စိတ်အစဉ်မှာ ကုသိုလ် စိတ်တွေပဲ တစ်စိတ်ပြီး တစ်စိတ် ဆက်ခါဆက်ခါဖြစ်နေတော့ အကုသိုလ် စိတ်အညစ်အကြေးတွေမဝင်နိုင်ဘဲ စိတ်ဟာ ဖြူစင်လှပနေမယ် မဟုတ်လား။ (မှန်ပါ ဘုရား။) ဒကာ-ဒကာမများ ခုပြောခဲ့တဲ့နည်းနဲ့ စိတ်ကို အလှပြင် စေချင်ပါတယ်။

http://www.dhammadownload.com



**သံဃာတော်များ စိတ်အလှပြင်နည်း**

ရဟန်းသံဃာတော်များမှာဆိုရင် စာပေကျမ်းဂန်တွေကို အမြဲမပြတ်ကြည့်ရှုလေ့လာနေမယ်၊ သင်အံပို့ချနေမယ်၊ ရေးသားနေမယ်၊ ဆွေးနွေးမေးမြန်းနေမယ်၊ မေတ္တာပွားများနေမယ်၊ ဘုရားအာရုံပြုနေမယ်၊ တရားဟော တရားပြနေမယ်ဆိုရင် ကုသိုလ်စိတ်အစဉ်တွေပဲ မပြတ်ဖြစ်နေလို့ အကုသိုလ်စိတ်အညစ်အကြေးတွေ ကင်းဝေးနေပြီး စိတ်ဟာဖြူစင်လှပနေတာပေါ့။ ဒီနည်းဖြင့် စိတ်ကိုအလှပြင်ရမယ်။

နောက်တစ်ခါ စိတ်ကိုညစ်ပေစေတတ်တဲ့ မကောင်းတဲ့အာရုံတွေနဲ့ မိမိစိတ်ကလေး မကြုံရ မတွေ့ရအောင် ဝေးဝေးက ရှောင်ရှားခြင်းဖြင့်ဖြစ်စေ၊ မလွဲသာလို့ ဒီအာရုံတွေနဲ့ ပက်ပင်းတွေကြုံ ပြန်သော်လဲပဲ ဒီအာရုံတွေကြောင့်တော့ လောဘ ဒေါသ စတဲ့ စိတ်အညစ်အကြေးတွေ မဖြစ်စေရဘူးလို့ မိမိစိတ်ကို ကြိုတင်ဆုံးဖြတ်ခြင်းဖြင့် ဖြစ်စေ၊ ရင်ဆိုင်ကြုံတွေ့လာလို့ မိမိမှာ လောဘ ဒေါသစတဲ့ စိတ်အညစ်အကြေးတွေ ဖြစ်လာပြီဆိုရင်လဲ အဲဒီအာရုံတွေကို လုံးဝနှလုံးမသွင်းတော့ဘဲ ဘုရား တရား သံဃာတို့ကို အာရုံပြု၍ဖြစ်စေ၊ ဒါန သီလ ဘာဝနာ ဝေယျာဝစ္စစတဲ့ အာရုံတွေပေါ်သို့

http://www.dhammadownload.com



ဖြစ်စေ၊ မိမိရဲ့စိတ်ကို တင်းတင်းရင်းရင်း ပြောင်းလွဲတင်ပေးခြင်းဖြင့် ဖြစ်စေ စိတ်ကို ပြုပြင်ပေးရမယ်။

ဒီအခါ မိမိရဲ့ စိတ်အစဉ်မှာ အကုသိုလ်အညစ်အကြေးတွေ ဖြစ်ပေါ်မလာတော့ဘဲ သန့်ရှင်း ဖြူစင်တဲ့ ကုသိုလ်စိတ်တွေချည်း ဖြစ်လာတော့ စိတ်ဟာ လှပတင့်တယ်လာတယ်။ ဒီလိုနည်းတွေနဲ့လဲ စိတ်ကို အလှပြင်ရတယ်။

**အဆင့်မြင့်ဆုံး နည်းဖြင့် စိတ်အလှပြင်လိုလျှင်**

ဒီထက်အဆင့်မြင့်တဲ့နည်းနဲ့ စိတ်အလှပြင်ချင်တယ်ဆိုရင်တော့ ခုယောဂီတို့ ရှုမှတ်ပွားများနေတဲ့ ဝိပဿနာရှုနည်းဖြင့် ရှုမှတ်ပြီးလဲ စိတ်ကို အလှပြင်နိုင်တယ်။ ဒီနည်းကတော့ အထက်တန်းအကျဆုံး အထိရောက်ဆုံး စိတ်အလှပြင်နည်းပါပဲ။

ခုပြောတဲ့ဝိပဿနာဆိုတာဟာ ရုပ်လို့ခေါ်တဲ့ ခန္ဓာကိုယ်နဲ့ နာမ်လို့ခေါ်တဲ့စိတ်မှာ ဖြစ်ပေါ်နေတဲ့သဘောတို့ကို ဖြစ်ပေါ်နေတဲ့အတိုင်း၊ ရှိနေတဲ့သဘောကို အရှိအတိုင်း သတိဦးစီးတဲ့စိတ်နဲ့ စောင့်ကြည့်နေတာကိုခေါ်တယ်။ သတိနဲ့စောင့်ကြည့် စောင့်ရှုပါများလာတော့ အရှုခံရုပ်နှင့် အရှုခံနာမ် အာရုံပေါ်မှာ စိတ်ဟာတည်ငြိမ်

http://www.dhammadownload.com



ပြီးလာတယ်။ အဲဒီတော့ အရှုခံ ရုပ်သဘာဝ၊ နာမ်သဘာဝတို့ကို အရှိအတိုင်းသိမြင်လာတယ်။ အဲဒီအသိဟာ အမှန်သိ သမ္မာဒိဋ္ဌိ လို့ခေါ်တယ်။

ဒီသမ္မာဒိဋ္ဌိ ဖြစ်လာတော့ အမှားကိုသိမှုနဲ့ အမှန်ကိုမသိမှု အဝိဇ္ဇာ၊ ဒီအဝိဇ္ဇာကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ သက္ကာယဒိဋ္ဌိနဲ့ တဏှာလောဘ စတဲ့ကိလေသာ အညစ်အကြေးတွေ ကင်းပျောက် သွားပါတယ်။ ဖြူစင်သန့်ရှင်းတဲ့ ရှုမှတ်စိတ်အစဉ်တွေဟာ မိန့်စ်ပေါင်း များစွာ၊ နာရီပေါင်းများစွာ၊ ရက်ပေါင်းများစွာဖြစ်နေလို့ စိတ်ကလေးဟာ လှပလို့နေပါတော့တယ်။ ဒီထက်တိုးတက်ကြိုး စားလို့ မဂ်အသိ၊ ဖိုလ်အသိအထိ ဖြစ်ပေါ်ရရှိလာမယ်ဆိုရင်တော့ သူ့မတူအောင် လှပပြီပေါ့။

အထက်တန်းအကျဆုံး ဒီဝိပဿနာရှုနည်းဖြင့်လဲ စိတ်ကို အလှပြင်ရတယ်။ ဒီလိုပြင်လိုက်လို့ စိတ်လှနေတဲ့ ပုဂ္ဂိုလ်ရဲ့မျက်နှာ ဟာ ပြုံးရွှင်ပြီးမနေဘူးလား။ (နေပါတယ်ဘုရား။) ပြုံးရွှင်နေတဲ့ မျက်နှာဟာမလှဘူးလား။ (လှပါတယ်ဘုရား။) ဒါဟာ စိတ်ကို အလှပြင်လို့ လှလာတဲ့ ရုပ်အလှပေါ့။

http://www.dhammadownload.com



ဒီလိုနဲ့ စိတ်အလှကို အဓိကထား ကြိုးစားပြုပြင်နေတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်ရောစိတ်ပါ လှလို့မို့ ခုဘဝမှာလဲ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနေရတယ်။ နောက်ဘဝကျတော့လဲ လူ့ပြည် နတ်ပြည်မှာ ရောက်ရလို့ နတ်လူတို့၏ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်း၊ ဉာဏ်ပညာ ကြီးခြင်း၊ အခြွေအရံပေါများခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း စတဲ့ ကောင်းကျိုးချမ်းသာတွေ ခံစားရလို့ ချမ်းသာရပြန်တယ်။ ဒီတော့ စိတ်အလှပြင်တဲ့ ပုဂ္ဂိုလ်ဟာ ခုရောနောင်ပါ ချမ်းသာရတယ် မဟုတ်လား။ ဒါကြောင့် ဒီလင်္ကာလေး လိုက်ဆိုကြပါဦး။

**ရုပ်နာမ်အလှ၊ ပြင်ပါမှ၊ ခုလှ နောင်ခါ ချမ်းသာမည်။**

ကဲ ဦးပဉ္စင်းတို့ တရားဘယ်ကနေ ထွက်သွား သလဲ။ မသုစာ ရုပ်အလှကိုသာပြင်ပြီး ဤဘက်ကမ်းမှာသာတင် နေလို့ ဗျိုင်းတိရစ္ဆာန်ဘဝရောက်ရတာနဲ့ပတ်သက်လို့ ပြောရာက ထွက်သွားတာ မဟုတ်လား။ (မှန်ပါ့ဘုရား။) ဒီလိုပြောလိုက်တော့ ယောဂီတို့ဟာ အလှနှစ်မျိုးကိုလဲ သဘောပေါက်သွားတယ်။ အလှပြုပြင်နည်းကိုလဲ နားလည်သွားကြရတယ်။ ဤဘက်ကမ်း မတင်အောင် ကျင့်ကြံနည်းကိုလဲ သိကြရတယ်ဆိုတော့ အကျိုး မများဘူးလား။ (များပါတယ်ဘုရား။)

http://www.dhammadownload.com



နောက်ပြီး ရဟန်းတော်ကလေးက မြတ်စွာဘုရားကို ရဟန်းဟိုဘက်ကမ်းတင်တယ်ဆိုတာ ဘာကိုဆိုပါသလဲ ဘုရားလို့ လျှောက်ပါတယ်။ ဒီတော့ မြတ်စွာဘုရားက ဘယ်လိုအဖြေပေးခဲ့ သလဲ ယောဂီတို့ မှတ်မိကြရဲ့လား။ ရှေ့ပိုင်းက ဟောခဲ့ပြီးပြီ မဟုတ်လား။ (အပြင် အာယတန ခြောက်ပါးကို အကြောင်းပြုပြီး ကိလေသာဖြစ်တဲ့ ရဟန်းကို ဟိုဘက်ကမ်းတင်တယ်လို့ ခေါ်ရ ပါတယ်ဘုရား။) အပြင်အာယတနဆိုတာ ဘာတွေများလဲ ပြောပါဦး။ (ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာ ရုံတို့ပါဘုရား။) အဲဒီအပြင်အာယတနခြောက်ပါး တို့ကိုအကြောင်း ပြုပြီး ကိလေသာဖြစ်ရင် ဒီရဟန်းဘာဖြစ်ပြီလဲ။ (ဟိုဘက်ကမ်းတင် ပါတယ်ဘုရား။) ရူပါရုံဆိုတာရော ဘာကိုဆိုလို သလဲ။ (သားသမီး မြေးမြစ် ဇနီး ခင်ပွန်း အိမ်ယာ တိုက်တာ မော်တော်ကား လှည်း နွား ဆင် မြင်း စသည်တို့ရဲ့ အဆင်း အာရုံတွေပါဘုရား။) သဒ္ဒါရုံ ဆိုတာရော-(၎င်းသားသမီး မြေးမြစ် စသည်တို့ရဲ့ အသံအာရုံ တွေပါဘုရား။) အဲဒီအာရုံတွေကို ရဟန်းဟာ သာယာနှစ်သက် စွဲလမ်း တွယ်တာမိရင် အဲဒီရဟန်း ဟိုဘက်ကမ်း တင်ပြီလို့ မှတ်ရမယ်။ မဂ္ဂင်ရေယဉ်ကြော မမျောနိုင်တော့ဘူး။ ဒီလိုဆိုတော့ နိဗ္ဗာန်ရပါတော့မလား။ (မရနိုင်တော့ပါဘုရား။)

http://www.dhammadownload.com



## တိုဘက်ကမ်းတင်တဲ့ ဒကာအေး

မန္တလေးမှာ ဦးအေးဆိုတဲ့ ဒကာကြီးတစ်ယောက်ရှိတယ်။ သူဟာ နာမည်ကျော် ဓမ္မကထိကကြီးတွေရဲ့ တရားထောက်ပေါ့။ တရားထောက်ဆိုတော့ အသံကလဲကောင်း၊ ဗဟုသုတနဲ့လဲ ပြည့်စုံတယ်။ အလှူဒါနလဲ မကြာမကြာ ပြုလေ့ရှိပါတယ်။ ဝိပဿနာတရားလဲ ဝါသနာပါတယ်။ အထိုက်အလျောက်လဲ ပွားများ အားထုတ်လေ့ရှိတယ်။ သူကလျှောက်ဖူးတယ်။ "တပည့်တော်က ဝိပဿနာတရား ဝါသနာပါလို့ အားလုံးအိပ်ကြတဲ့အခါ ဒီအချိန်ဟာဖြင့် ဆိတ်ငြိမ်တဲ့ အချိန်ပဲဆိုပြီး ဘုရားခန်းမှာထိုင်ပြီး ဝိပဿနာတရားကို ရှုမှတ်ပွား များပါတယ်တဲ့။ ရှုမှတ်လို့ ကောင်းနေတဲ့ အချိန် ဘေးနားအိပ်နေတဲ့ မြေးကလေးက အဲ့··ကနဲဆို အော်လိုက်တဲ့အသံကို ကြားလိုက်မှဖြင့် တပည့်တော် ရဲ့ ရှုမှတ်စိတ်တွေအားလုံးဟာ ဘယ်ကို ရောက်ကုန်မှန်း မသိဘူး ဘုရား။ ဆက်မှတ်လို့ မရဘဲ ရင်တွေခုန်ပြီး ခေါင်းကြီးသွားတယ် ဘုရား"လို့ လျှောက်ဖူးတယ်။

ယောဂီတို့ ဒီဒကာကြီး ဘယ်ဘက်ကမ်းတင်သွားသလဲ။ (ဟိုဘက်ကမ်းကို တင်သွားပါတယ်ဘုရား။) မှန်ပါတယ်။ ဒီဒကာကြီးဟာ စောစောပိုင်းက စူးစူးစိုက်စိုက်နဲ့ ရှုမှတ်နေခိုက်မှာ သူ့သန္တာန်

http://www.dhammadownload.com



ဘွင် ဝိပဿနာကုသိုလ်တွေဖြစ်လို့ မဂ္ဂင်ရေယဉ်ကြောမျောနေတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) မြေးအော်သံလဲ ကြားလိုက်ရော ဆက်လက်မျောနိုင်သေးရဲ့လား။ (မမျောနိုင်တော့ပါဘုရား။) အဲဒီမြေးရဲ့ အသံတည်းဟူသော ဟိုဘက်ကမ်းကို သွားမတင်ဘူးလား။ (တင်ပါတယ်ဘုရား။) မြေးအသံ တည်းဟူ သော ဟိုဘက်ကမ်းကို တင်တယ်ဆိုတာ "ငါ့မြေးလေး ဘာများဖြစ်ပါလိမ့်။ ခုတင်ပေါ်က လိမ့်များကျသလား။ ဘာလား"နဲ့ ဒကာအေး စိတ်ထဲ စိုးရိမ်မှုတွေ၊ ထိတ်လန့်ကြောက်ရွံ့မှုတွေ ဖြစ်ပေါ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား။) ဒါကို ဟိုဘက်ကမ်းတင်တယ်လို့ ပြောတာပါ။ ဒီတော့ ဒီဒကာကြီး နိဗ္ဗာန်ရောက် နိုင်ပါတော့မလား။ (မရောက်နိုင်ပါဘုရား။)

အကယ်၍သာ ဒီဒကာကြီး မြေးရဲ့အော်သံကို ကြားလျှင်ကြားချင်း "ကြားတယ် ကြားတယ်"လို့ ရှူးရှူးစိုက်စိုက် ရှုမှတ်လိုက်ရင် မဂ္ဂင်ရေယဉ်ကြော ဆက်လက်ပြီး မျောမြဲ မျောမသွားနိုင်ဘူးလား။ (သွားနိုင်ပါတယ်ဘုရား။) ဟိုဘက်ကမ်းတင်ဦးမလား။ (မတင်ပါဘုရား။) မတင်ရင် နိဗ္ဗာန်ရောက်မယ်ပေါ့။ (မှန်ပါဘုရား။) ဒါကြောင့် ယောဂီတို့တတွေဟာ ဒီအာရုံတွေနဲ့ တွေ့ဆုံသော်လဲ

http://www.dhammadownload.com



လောဘစတဲ့ ကိလေသာတွေမဖြစ်ဖို့ သတိနဲ့မပြတ်ရှုမှတ်ကြရမယ်။ ကိုင်း ယောဂီတို့ လိုက်ဆိုပါ။

**အာယတနများ၊ မြင်ကြောက်ပြော၊ ဟိုမှာဘက်ကမ်းမည်။**

ကဲ နောက်ပြီး ရဟန်းတော်လေးက ဘာကို ဆက်လက်မေးလျှောက်သလဲဆိုရင် ရဟန်းရေလယ်မြုပ်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲ ဘုရားလို့ လျှောက်ပြန်တယ်။ ဒီတော့ မြတ်စွာဘုရားက ဘယ်လိုဖြေသလဲ။ ယောဂီတို့ မှတ်မိကြသေးရဲ့လား။ ဖြေကြပါဦး။ (နန္ဒီရာဂ ဖြစ်တာကို ရေလယ်မြုပ်တယ်လို့ ဖြေတော်မူပါတယ်ဘုရား။) ယောဂီတို့ မှတ်မိသားပဲ။ ဒီလိုဆိုတော့ ဦးပဥ္စင်းတို့ ပင်ပန်းရကျိုးနပ် ဟောရကျိုး နပ်တာပေါ့။

## ရေလယ်မြုပ်တဲ့ ဦးတိဿ

ရဟန်းရေလယ်မြုပ်တယ်ဆိုတာ အဆင်း အသံ အနံ့ အရသာ အတွေ့အထိဆိုတဲ့ ဒီ အာရုံငါးပါး ကာမဂုဏ်တရားတွေကို အကြောင်းပြုပြီး ရဟန်းသန္တာန်မှာ နန္ဒီရာဂ တရားတွေ ဖြစ်ခဲ့ရင် ဒီရဟန်းရေလယ်မှာ မြုပ်ပြီလို့ မှတ်ရမယ်။ ဘုရားရှင်လက်ထက်က

http://www.dhammadownload.com



"တိဿ"ဆိုတဲ့ ရဟန်းကြီးတစ်ပါးရှိတယ်။ အဲဒီ "တိဿ"မထေရ်ကြီးကို ဒကာတစ်ဦးက ကြမ်းတမ်းတဲ့ပိတ်သင်္ကန်းတစ်စုံလှူလိုက်တယ်။ 'ဒကာလှူလိုက်တဲ့ သင်္ကန်းကြမ်းတယ်' ဆိုပြီး နှမဖြစ်သူက သူကိုယ်တိုင် ပြန်ယက်၊ သူကိုယ်တိုင်ပြန်ချုပ်ဆိုးတယ်။ ချုပ်ဆိုးပြီးတော့ "တပည့်တော်ကိုယ်တိုင်ယက်၊ တပည့်တော်ကိုယ်တိုင် ချုပ်ဆိုးပြီးလှူတဲ့ ဒီသင်္ကန်းကို ဝတ်ရုံတော်မူပါ"လို့လဲ လျှောက်ခဲ့သေးသတဲ့။

အဲဒီသင်္ကန်းဟာ အရောင်ကလဲလှ၊ အသားကလဲကောင်း၊ နူးလဲ နူးညံ့၊ သူ့နှမကိုယ်တိုင်က ခုနလို လျှောက်ပြီး လှူသွားတဲ့ သင်္ကန်းဆိုတော့ အမြတ်တနိုးပေါ့။ တစ်ကိုင်ကိုင် တကြည့်ကြည့်နဲ့ ဒီသင်္ကန်းလှလှလေးကို သာယာနှစ်သက်မှု နန္ဒီရာဂ တရားတွေ ဖြစ်နေတယ်။ ဒီအချိန်မှာ ရုတ်တရက်ရောဂါကြောင့် ဦးတိဿ သေသွားသတဲ့။ ဦးတိဿဟာ သင်္ကန်းအပေါ်သာယာနှစ်သက်ခြင်း နန္ဒီရာဂနဲ့ သေတာဖြစ်တော့ အဲဒီသင်္ကန်းပေါ်မှာ သန်းပြိတ္တာကြီး တစ်ကောင် သွားဖြစ်သတဲ့။ ဒီနန္ဒီရာဂ တရားဟာ ဘုန်းကြီးလဲ မျက်နှာသာမပေးဘူးနော်။ယောဂီ ဦးပဥ္ဇင်း ကိုရင်တို့ သတိထားကြပါနော်။ နောက်တော့ သံဃာတော်များက အဲဒီ ဦးတိဿကြီးရဲ့

http://www.dhammadownload.com



ပစ္စည်းတွေကို ခွဲခြားဝေဖန်ကြမယ် ဆိုပြီး သင်္ကန်းကိုဖြန့်လိုက်တော့ အဲဒီ သန်းပြိတ္တာကြီးက အမြီးကြီးထောင်လို့ သင်္ကန်းပေါ် လျှောက် ပြေးနေသတဲ့။ ဘာသဘောလဲ ယောဂီတို့။ ငါ့သင်္ကန်းကို ဘယ်သူမှ မထိနဲ့ မကိုင်နဲ့ ဆိုတဲ့သဘော မဟုတ်လား။ (မှန်ပါ့ဘုရား။)

သန်းပြိတ္တာကြီးရဲ့ ဒီဖြစ်ရပ်ဆန်းကို သံဃာတော်တွေက မြင်ရတော့ မြတ်စွာဘုရားကို သွားရောက်လျှောက်ထားကြတယ်။ ဒီတော့ မြတ်စွာဘုရားက "ရဟန်းတို့ အဲဒီဦးတိဿကြီးရဲ့ သင်္ကန်းကို ဝေဖန်မှုကိစ္စ ရပ်နားထားကြဦး။ ဒီကနောက် ခုနစ်ရက်ကျော်မှ ခွဲခြား ဝေဖန်ကြ" လို့ မိန့်တော်မူလို့ ခုနစ်ရက်ကျော်မှ သင်္ကန်းကို ဝေဖန်ကြ တယ်။ ဒီအချိန်ကျတော့ ခုန သန်းပြိတ္တာကို မတွေ့ရတော့ဘူးတဲ့။ ဒီအကြောင်းကိုလဲ ရဟန်းတော်များက မြတ်စွာဘုရားကို လျှောက်ကြပြန်တယ်။ ဒီအခါ မြတ်စွာဘုရားက "ချစ်သားတို့ အဲဒီ သန်းပြိတ္တာကြီးဟာ အခြားသူမဟုတ်ဘူး။ တိဿရဟန်းကြီး ဖြစ်တယ်။ သူဟာ သေခါနီး ဒီသင်္ကန်းကို စွဲလန်းပြီးသေလို့ သန်း ပြိတ္တာ ဖြစ်နေတာ။ ခုတော့ ကျွတ်သွားပါပြီ" လို့ မိန့်ကြားတော် မူတယ်။

ဒီမှာ ဦးတိဿကြီးဟာ သူ့သင်္ကန်းကို သာယာနှစ်သက်

http://www.dhammadownload.com



စွဲလန်းတဲ့ သဘောဟာ 'နန္ဒီရာဂ' မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) အဲဒီ နန္ဒီရာဂ တရားကြောင့် သူဟာ သေပြီးတော့ သန်းပြိတ္တာဖြစ်တယ်။ ရေလယ်မြုပ်သွားတာပေါ့။ နိဗ္ဗာန် ရောက်တော့ရဲ့လား။ (မရောက်တော့ပါ ဘုရား။) ဒါကြောင့် ဒီနန္ဒီ ရာဂ တရားကို ယောဂီတို့ သန္တာန် မဖြစ်နိုင်အောင် ဖြစ်ခွင့်မသာ အောင်၊ ဖြစ်ခိုက် ရုပ်နာမ်များကို သတိနဲ့ ရှုမှတ်ပွားများ နေကြရမယ်။ အကယ်၍ ဖြစ်ဆဲ ဖြစ်ခိုက် ရုပ်နာမ်ကို မရှုမိလို့ သာယာတပ်မက်မှု ဖြစ်ပေါ်လာလဲ ၎င်းနန္ဒီရာဂကို "သာယာတယ်၊ တပ်မက်တယ်"လို့ ရှုမှတ်ပွားများနေကြရမယ်။ ကဲ ယောဂီတို့ လိုက်ဆိုကြပါ။

**နှစ်သက်တွယ်တာ၊ ရေလယ်မှာ၊ မှန်စွာမြုပ်တော့သည်။**

ရဟန်းတော်လေးက သူ့သဘောမပေါက် နားမလည်တာ တွေ၊ မရှင်းလင်းတဲ့ အချက်အလက်တွေ မေးလို့ မြတ်စွာဘုရားက ဖြေကြားလာခဲ့တာ ခု ရဟန်းရေလယ်မြုပ်တာနဲ့ စပ်လို့ ဖြေရှင်း ဟောကြားလို့ ပြီးပြီ။ နောက်ဘာကို ဆက်လက်ပြီးတော့ မေးသလဲ ဆိုရင် ရဟန်း သောင်ပေါ်တင်တဲ့အချက်ကို ဆက်လက် မေးပြန် တယ်။

မြတ်စွာဘုရား ရဟန်းသောင်ပေါ်တင်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲဘုရားလို့ ရဟန်းတော်ကမေးတယ်။ မေးတဲ့အခါ

http://www.dhammadownload.com



မြတ်စွာဘုရားက ချစ်သားရဟန်း ရဟန်းသောင်ပေါ်တင်တယ် ဆိုတာ ရဟန်းရဲ့ သန္တာန်မှာ မာနဆိုတဲ့ တရားဆိုး ဖြစ်ပေါ်လာ တာကို ခေါ်ပါတယ်လို့ ဖြေကြားတော်မူလိုက်တဲ့ အဖြေနဲ့ ရဟန်း လူ့ဆယ်တယ်ဆိုတာ ဘာကိုဆိုလိုပါလဲဘုရားလို့ မေးတဲ့အမေးရယ်၊ ရဟန်းလူဆယ်တယ်ဆိုတာ လူတွေနဲ့ ရောရောပြွမ်းပြွမ်းနေတာကို ဆိုလိုတယ်လို့ ဖြေကြားတော်မူတဲ့ ဗုဒ္ဓမြတ်စွာရဲ့အဖြေ၊ ဒီအမေး အဖြေများကိုတော့ ရှေ့ပိုင်းက သဘောပေါက်လောက်အောင် ဟောခဲ့လို့ ကျေနပ်ကြပါတော့။

ခုရဟန်း နတ်ဆယ်တယ်ဆိုတာ ဘာကိုဆိုလိုပါသလဲ ဘုရားလို့ မေးတဲ့မေးခွန်းနဲ့ ပတ်သက်တဲ့ အဖြေကိုပဲ ဆက်လက် ဟောကြားရမယ်။ ရဟန်းနတ်ဆယ်တယ်ဆိုတာ ဘာကိုဆိုလိုပါ သလဲလို့ ရဟန်းတော်ကမေးတော့ ချစ်သားရဟန်း ရဟန်းကို နတ်ဆယ်တယ်ဆိုတာ ရဟန်းဟာ နတ်ပြည်ကိုဆုတောင်းပြီး ဒါန ကုသိုလ်ပြုမယ်၊ သီလဆောက်တည်မယ်၊ ဘာဝနာပွားမယ်ဆိုရင် ဒီရဟန်း နတ်ဆယ်ခံရပြီလို့ ဖြေကြားတော်မူတယ်။

**နတ်ဆယ်မခံရအောင် ကျင့်ကြပါ** ဒါကြောင့် ရှင်တော်မြတ်ဘုရားဟာ ရဟန်း တော်များ ဒီနတ်ဆယ်တဲ့ဘေးက လွတ်

http://www.dhammadownload.com



အောင် **သိစံ မဗ္ဗေသထ အိက္ခစေါ၊** ရဟန်း တို့ ဒါနစတဲ့ ကုသိုလ်ကောင်းမှုပြုတဲ့အခါ အိုနှာသေဘေးတို့၏ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်ကို ဆုတောင်းကြ။ နိဗ္ဗာန်ကို ဆုတောင်းပြီး **ဒါနံ ဒါတဗ္ဗံ၊** လှူကြဒါန်းကြ ရမယ်။ **သီလံ ရက္ခိတဗ္ဗံ၊** သီလဆောက်တည်ကြရမယ်။ **ဘာဝနာ ဘာဝေတဗ္ဗာ၊** ဘာဝနာကို ပွားများကြရမယ်လို့ ဟောဖော်ညွှန်ကြား မှာထားတော်မူခဲ့တယ်။ အဲဒီ ညွှန်ကြားချက်အတိုင်း လိုက်နာကျင့်သုံးကြ ရမယ်။ ဒါမှသာ နတ်ဆယ်ခံရခြင်းဘေးက လွတ်လို့ မအို မနာ မသေရာ နိဗ္ဗာန်ကို ရောက်ကြရမှာဖြစ်တယ်။

## နတ်ဆယ်ခံရတဲ့ ပတိပူဇိကာ

အကယ်၍ ပတိပူဇိကာ အမျိုးသမီးလို နတ်ပြည်ကိုသာ တစောင့်တတနဲ့ လှူမယ် တန်းမယ် သီလဆောက်တည်မယ်၊ ဝေယျာဝစ္စ ဆောင်ရွက်မယ်၊ တရားနာမယ်၊ ဘာဝနာပွားမယ်ဆိုရင်တော့ နတ်ဆယ်ခံရမှာ သေချာတယ်။ ဦးပဥ္စင်းတို့ မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိမြို့မှာ ပတိပူဇိကာဆိုတဲ့ အမျိုးသမီးလေးတစ်ယောက်ရှိတယ်။ သူမက တာဝတိံသာ နတ်ပြည်ကလာခဲ့တယ်။

http://www.dhammadownload.com



တာဝတိံသာနတ်ပြည်မှာ မာလာဘာရီနတ်သားဆိုတာ ရှိတယ်။ အဲဒီနတ်သားမှာ နတ်သမီးတစ်ထောင် အခြွေအရံ အလုပ်အကျွေးတွေရှိတယ်။ နတ်သမီးငါးရာက ပန်းချီ၊ ပန်းရုံ၊ ပန်းပင်တွေပေါ်က ပန်းများ ဆွတ်ခူးပေးကြလို့ ကျန် နတ်သမီးငါးရာက အဲဒီ ပန်းမျိုးစုံ တို့ကို သီကုံးပြီး မာလာဘာရီနတ်သားကို နေ့စဉ် ပန်ဆင်ပေးကြရတယ်။

တစ်ခါတော့ ပန်းခူးပေးကြတဲ့ နတ်သမီးငါးရာထဲက တစ်ယောက်သော နတ်သမီးဟာ စုတိပြတ်ကြွေ သေ၍ သာဝတ္ထိ မြို့မှာ သူဌေးသမီး လာဖြစ်သတဲ့။ မွေးမွေးချင်း ဘဝဟောင်းကို ပြန်လည်သိနိုင် ပြောနိုင်တဲ့ အသိဉာဏ်ရတယ်။ ဒါကို **ဇာတိဿရ ဉာဏ်** လို့ ခေါ်တယ်။ ခုခေတ်မှာလဲ တွေ့ရတတ်တယ်။ တစ်ချို့ လူတွေက သူတို့ ဘယ်ဘဝကလာခဲ့တယ်၊ သူ့နာမည် ဘယ်လို ခေါ်တယ်၊ သူ့မှာ သားသမီး ဘယ်နှစ်ယောက် ရှိခဲ့တယ်၊ သူ့အိမ်က ဘယ်နားမှာ၊ သူဘာကြောင့် သေခဲ့ရတယ် စသည်ဖြင့် ပြောနိုင်ကြတယ်။ ဒီလူတွေဟာ ဇာတိဿရဉာဏ် ရတယ်လို့ ပြောရပါမယ်။ ခုခေတ်မှာတော့ သူတို့ကို လူဝင်စားလို့ ခေါ်ကြတယ်။

http://www.dhammadownload.com



ဒီ ပတိပူဇိကာ အမျိုးသမီးဟာလဲ နတ်ပြည်က စုတေပြီး သာဝတ္ထိမြို့ကို ရောက်လာတယ်လို့ သူ့ဘဝကို သူ သိနေ မြင်နေတယ်။ ဒါကြောင့် လူ့ပြည်ကို သူမပျော်ဘူး။ ဘယ်ပျော်နိုင် ပါ့မလဲ။ နတ်ပြည်နဲ့ လူ့ပြည်ဟာ မိုးနဲ့ မြေကြီးမက ကွာခြားတာကိုး။ ဒီတော့ သူနတ်ပြည်ကို လွမ်းရောပေါ့။ လွမ်း၍ နတ်ပြည်ကို ပြန်ချင် တော့ နတ်ပြည်ရောက်ရာ ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်များကို ပြုလုပ်တယ်။ဘာကုသိုလ်ပြုသလဲဆိုရင် ရတနာသုံးပါးကို ဆည်း ကပ်ခြင်း၊ ဒါနကုသိုလ်ပြုခြင်း၊ သီလကုသိုလ်ဆောက်တည်ခြင်း၊ မေတ္တာပွားများခြင်း၊ ဘုရားဂုဏ် အာရုံပြုခြင်း၊ ဝေယျာဝစ္စကုသိုလ် ဆောင်ရွက်ခြင်း၊ တရားတော်နာခြင်း၊ စတဲ့ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ် ဆည်းပူးတယ်။ ကုသိုလ်ပြုပြီးတိုင်းလဲ တာဝတိံသာ နတ်ပြည်ရှိ မာလဘာရီ နတ်သားထံ ပြန်ရောက်ရပါလို၏လို့ ဆုတောင်းတယ်။ ဒီလိုနဲ့ အချိန်တန်အရွယ်ရောက်တော့ အိမ်ထောင် ရက်သားကျ၊ သားသမီးလေးယောက်ရတယ်။ ဒီအခါ လူ့ပြည်က သေလို့ သူ့ဆုတောင်းအတိုင်း တာဝတိံသာနတ်ပြည်ကို ပြန်ရောက် သွားခဲ့တယ်။ နတ်ပြည်ရောက်တဲ့ ဒီ ပတိပူဇိကာ အမျိုးသမီးဟာ ဘာအဆယ်ခံရတယ်လို့ ဆိုရမလဲ။ (နတ်ဆယ်ခံရပါတယ်ဘုရား။)

http://www.dhammadownload.com



မကောင်းဘူးလား ယောဂီတို့။ (မကောင်းပါဘုရား။) ဘာကြောင့် မကောင်းသလဲ။

**နတ်တို့ဌာနေ** နတ်ပြည်ဆိုတာ အသက်လဲ အရှည်ကြီး နေရတယ်။ အဆင်းကလဲ ဘယ်တော့ကြည့်ကြည့် ၁၆-နှစ်သမီးကလေးအတိုင်းပဲ။ အိုရုပ်က မသိသာ မထင်ရှားဘူးတဲ့။ အာရုံတွေ ကလဲ သိပ်ကောင်းတယ်။ ဒီလိုဆိုတော့ နတ်ဆယ်ခံရတာ မကောင်းဘူးလား။ (မကောင်းပါဘုရား။)

ဘာကြောင့်ပါလဲ ယောဂီတို့။ (အိုနာသေဘေးက မလွတ်သေးလို့ပါဘုရား။) အံ့မယ် ဦးပဥ္စင်းတို့ ယောဂီတွေက တရားပြည့်လို့ပါလား။ ဟုတ်တာပေါ့။ နတ်ပြည်မှာ ဘယ်လောက် အသက်ရှည်သော်လဲ တစ်ချိန်တော့ သေရမှာပဲ။ ဘယ်လောက်လှလှ ဘယ်လောက်ချောချော နောက်ဆုံးတော့ အိုရမှာပဲ။ နတ်စည်းစိမ်တွေ၊ နတ်အာရုံတွေ ဘယ်လိုကောင်းကောင်း အားလုံးကို နောက်ဆုံး သေတော့ စွန့်ခွာ ထားခဲ့ရမှာပဲ။ ကံမကောင်း အကြောင်းမလှရင် အပါယ်လေးပါးကိုလဲ ကျတတ်သေးတယ်။ -

အဲဒီလို အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတွေ ကြုံရတော့ ချမ်းသာမလား၊ ဆင်းရဲမလား။ (ဆင်းရဲပါတယ်ဘုရား။) ဒါကြောင့်

http://www.dhammadownload.com



နတ်ဆယ်ခံရတာဟာ မကောင်းတာမဟုတ်လား။ (မှန်ပါဘုရား။)

ဒီတော့ ကုသိုလ်ကောင်းမှုပြုပြီးရင် နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို ဆုမတောင်းရဘူး။ နိဗ္ဗာန်ကိုသာ ဆုတောင်းရမယ်။ နိဗ္ဗာန်ဆုတောင်းပြီး ဒါနပြုရမယ်၊ သီလဆောက်တည်ရမယ်၊ ဘာဝနာပွားရမယ်၊ ဝေယျာဝစ္စကုသိုလ်ပြုလုပ်ရမယ်၊ တရားတော်နာကြားရမယ်။ ဒါဆိုတော့ နတ်ဆယ်ခြင်းဘေးက လွတ်သွားပြီပေါ့။ (မှန်ပါဘုရား။) ကိုင်း လိုက်ဆိုကြပါ။

**နတ်ပြည်တောင့်တာ၊ ပြုလုပ်ကာ၊ နတ်ကဆယ်တော့သည်။**

နောက် ရဟန်းတော်ကလေးက ဘာကို ဆက်မေးသလဲဆိုရင်-

**ကောနုခေါ ဘန္တေ အာဝဋ္ဋဂ္ဂဟော**

မြတ်စွာဘုရား ဝဲဆိုတာ ဘာကို ခေါ်ပါသလဲလို့ ဆက်မေးလိုက်တယ်။ ဒီလိုမေးတော့ ဗုဒ္ဓမြတ်စွာက ချစ်သားရဟန်း ဝဲဆိုတာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ဝဲလို့ခေါ်ကြောင်း ဟောတော်မူတယ်။ ယောဂီတို့ ဝဲဆိုတာကိုတော့ ရှေ့ပိုင်းက ပြောခဲ့လို့ သဘောပေါက်လောက်ပြီ။ ဝဲစုပ်ခံရတဲ့ လှေသဘော်တွေ၊ လူ တိရစ္ဆာန်တွေ

http://www.dhammadownload.com



ဟာ ဝဲရဲ့ အစုပ်ခံရတော့ အောက်မှာ ကျောက်ဆောင်တွေနဲ့တိုက်၊ သဲတွေထဲမြုပ်၊ နွံတွေထဲ နစ်သွားတော့ ပြန်ပြီးတော့ ပေါ်မလာတော့ဘူး။ စုန်းစုန်းမြုပ်သွားရတယ်။

**လပ္ပတ္တာသင်္ဘော ဝဲစုပ်** လွန်ခဲ့တဲ့ တစ်ပတ်က ရန်ကုန်မြို့ ဘုန်းကြီးလမ်းက ထွက်ခွာသွားတဲ့ လပ္ပတ္တာ သင်္ဘောတစ်စီး တွံတေးတူးမြောင်းထဲ အရောက်မှာ ဝဲစုပ်လို့ နစ်မြုပ်သွားခဲ့တယ်။ ခရီးသည် ၁၉၈-ယောက် ဆင်းရဲဒုက္ခရောက်ကြရတယ်။ အဲဒီလို ရေဝဲဟာ သတ္တဝါတွေ လှေသင်္ဘော စသည်တွေကို နစ်မြုပ်စုပ်ယူတတ်တဲ့ သဘောရှိတယ်။

**ကာမဂုဏ်ဝဲတာ ကြောက်စရာ** အာရုံငါးပါး ကာမဂုဏ် တရားတွေကလဲ ဒီလိုပါပဲ။ သတ္တဝါတို့ရဲ့ စိတ်ကို ဆွဲစုပ်ပြီး ယူနိုင်တယ်။ အမျိုးသမီးများရဲ့ အဆင်းစတဲ့ အာရုံတွေဟာ အမျိုးသားတွေရဲ့ စိတ်နှလုံးကို ဆွဲစုပ်ပြီး ယူနိုင်တယ်။ အမျိုးသားတွေရဲ့ အာရုံတွေကလဲ အမျိုးသမီးတို့ရဲ့ စိတ်နှလုံးကို ဆွဲစုပ်ပြီး ယူနိုင်တယ်။

http://www.dhammadownload.com



## ဝဲစုပ်ခံရတဲ့ သူဌေးသားလေးဦး

ကာမဂုဏ်ဝဲကလဲ သတ္တဝါတို့ရဲ့စိတ်ကို ဆွဲစုပ်ယူနိုင်ပုံကို ထင်ရှားအောင် ပြောရရင် ကဿပ ဘုရားရှင်လက်ထက်တော်က တစ်ယောက် တစ်ယောက်မှာ ကုဋေလေးဆယ်စီ ကြွယ်ဝတဲ့ သူဌေး သားလေးယောက်ရှိခဲ့ဖူးတယ်။ ခုခေတ်အနေနဲ့ ပြောရရင်တော့ သိန်း ပေါင်းလေးထောင်စီ ကြွယ်ဝကြတယ်။ တစ်နေ့ကျ သူတို့ သူငယ်ချင်း လေးယောက် တိုင်ပင်ကြတယ်။ ဒီလောက် ချမ်းသာ တဲ့ စည်းစိမ်ဥစ္စာရတနာတွေကို ဒို့ ဘယ်လိုအသုံးချကြမလဲ။ ဒို့ နောက်ပါအောင် ဘယ်လိုယူကြမလဲလို့ ဆွေးနွေးကြသတဲ့။ ဒီအခါ ကိုယ့်အလိုဆန္ဒတွေကို အသီးသီးတင်ပြကြတယ်။ နောက်ဆုံး "သော" ဆိုတဲ့ သူဌေးသားက ဘာကို တင်ပြသလဲလို့ဆိုရင် လောကမှာ ကာမဂုဏ်အာရုံတွေလောက် ကောင်းတာမရှိဘူး။ ဒီအာရုံအားလုံးတို့ဟာလဲ ငွေနဲ့ပေါက်ရင် ဘာမဆိုရတယ်။ ဒါကြောင့် ဒို့ရှိတဲ့ စည်းစိမ်တွေနဲ့ ဒီကာမဂုဏ်အာရုံတွေကို ဝယ်ယူ ရင် အထူးသဖြင့် ကာမေသု မိစ္ဆာစာရ ကံကို လိုက်စားရရင် မကောင်းဘူးလားလို့ တင်ပြတဲ့အခါ အားလုံးက သဘောတူလက်ခံ ကြတယ်။သူဌေးသားတွေဟာ အဲဒီနေ့ကစပြီးတော့ ဒီ ကာမေသု

http://www.dhammadownload.com



မိစ္ဆာစာရကံကို အနှစ် နှစ်သောင်းကြာအောင် ပျော်ပါးလိုက်စား ခဲ့ကြတယ်။

ဒီ ဒေသနာတော်အရ ပြောရရင် အနှစ် နှစ်သောင်းတိုင် တိုင် ဝဲစုပ်မှုခံခဲ့ရတယ်။ လောကအလယ်မှာ ကဿပ မြတ်စွာ ဘုရား ပွင့်ထွန်းပေါ်ပေါက်ပြီး တပည့် သံဃာတော်နှစ်သောင်း ခြံရံလျက် သတ္တဝါတို့ရဲ့အကျိုးငှာ တရားဟော တရားပြနေသော် လည်း သူတို့တစ်တွေဟာ ဒါနပြုရမှန်းမသိ၊ သီလဆောက်တည်ရ မှန်း သတိမရ၊ ဘုရားဂုဏ်တော်အာရုံပြုခြင်း၊ မေတ္တာပွားခြင်း တရားနှလုံးသွင်း ခြင်း စတဲ့ ကုသိုလ်ကောင်းမှုတွေကို ဒို့အလုပ် မဟုတ်ဘူး၊ ဒီအလုပ်တွေဟာ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ မှတ်ထင်ခဲ့ ကြတယ်။

ဒီလိုနဲ့ သေတဲ့အခါ သူတို့ပြုခဲ့တဲ့ ကာမေသုမိစ္ဆာစာရ ကံကြောင့် အဝီစိငရဲကို ကျရောက်ကြရတယ်။ ဦးပဥ္စင်းတို့ ဘုရားရှင်လက်ထက် ရောက်လာတော့ အဝီစိ ငရဲကလွတ်ပြီး ကံ အကြွင်းအကျန်ကြောင့် လောဟကုမ္ဘီ ငရဲကို ရောက်လာကြတယ်။ သူတို့အမည်တွေက ဒု၊ သ၊ န၊ သော တဲ့။

http://www.dhammadownload.com



**လောဟကုမ္ဘီ ငရဲ** ဒီလောဟကုမ္ဘီငရဲဆိုတာ ယောဂီတို့ သိလွယ်အောင် ဥပမာပြောရရင် မီးဖိုပေါ် တဗွမ်းဗွမ်း ပွက်ပွက်ဆူနေတဲ့ ထမင်းအိုးကြီးလိုပဲ။ သံရည်တွေ တဗွမ်းဗွမ်း ပွက်ပြီးနေသတဲ့။ အဲဒီငရဲမှာ ကျသွားတဲ့ သတ္တဝါတွေဟာ ထမင်းအိုးထဲက ဆန်စေ့ ကလေးတွေလိုပဲ အထက် တက်လာလိုက်၊ အောက်ကျသွားလိုက်နဲ့ စုန်ချည် ဆန်ချည် ခံစားနေကြရတယ်။

ဘယ်လောက်ပူတဲ့သံရည်တွေထဲကျကျ မိမိအကုသိုလ်ကံ မကုန်သေးရင် သေသွားတယ်လို့ မရှိဘူး။ ငရဲသားရဲ့ သက်တမ်းဟာ အကုသိုလ်ပဲ။ အနှစ် သုံးသောင်းကြာအောင်ကျမှ အောက်ခြေကို ရောက်ပြီး နောက်ထပ် အနှစ်သုံးသောင်းကြာမှ အပေါ် မျက်နှာပြင်မှာ ပေါ်လာတယ်။ ဒီလိုနဲ့ သူဌေးသား လေးယောက် ကျသွားလိုက်ကြတာ အနှစ်ခြောက်သောင်းကြာတော့မှ သံရည်ပူမျက်နှာပြင်ပေါ်မှာ မျက်နှာစုံညီတွေ့ဆုံမိကြတယ်။ ဒီအခါမှာ ကိုယ့်ရဲ့ ခံစားချက်နောင်တ တရားတွေကို သူငယ်ချင်းတို့အား ပြောပြချင်တော့ "ဒု" ဆို တဲ့ သူဌေးသားက....

**'ဒု'သူဌေးသားရဲ့ နောင်တတရား** "သူငယ်ချင်းတို့ ...ငါတို့ဟာ အကြီးအကျယ် မှားခဲ့ကြပြီ။ လောက

http://www.dhammadownload.com



အလယ်မှာ ကဿပ ဘုရားရှင်နှင့် တပည့်သံဃာတော်များ ပွင့်ထွန်းပေါ်ပေါက်တဲ့ အခွင့် ကောင်းကြီးနဲ့ ကြုံခဲ့တယ်။ ဒို့မှာလဲ စည်းစိမ်ဥစ္စာရတနာတွေရှိတယ်။ သို့ပါလျက် ဒို့ဟာ လှူဒါန်းရမှန်း မသိ၊ သီလဆောက်တည်ရမှန်း မသိ၊ ဘာဝနာပွားရမှန်းမသိ၊ တရားနာရမှန်း မသိဘဲ၊ ကာမေသု မိစ္ဆာစာရစတဲ့ အကုသိုလ်ကံတွေကို ဖက်ရဲလက်ရဲပြုခဲ့မိကြတယ် မှားခဲ့ပြီ မှားခဲ့ပြီ" လို့ ပြောချင်သော်လဲ အားလုံးကို မပြောနိုင်ပဲ "ဒု" ဆိုတဲ့ စကားအဆုံးမှာပဲ လောဟကုမ္ဘီ သံရည်ဗွက်ထိုး ငရဲအိုးထဲမှာ ပြန်လည်နစ်မြုပ်သွားရရှာတယ်။"

**'သ' သူဌေးသားရဲ့ နောင်တ တရား**

"သ" ဆိုတဲ့ သူဌေးသားကလဲ "သူငယ်ချင်းတို့.... ဒို့တတွေ ဒီလောဟကုမ္ဘီသံရည်ဗွက်ထိုး ငရဲအိုးကြီးထဲမှာ ကျရောက်ခံစားနေရတာဖြင့် အနှစ် (၆) သောင်းတောင်ရှိပြီ။ ဆင်းရဲလိုက်တာကလဲ လွန်လို့။ ဘယ်တော့မှများ လွတ်ပါ့မလဲ" လို့ ပြောချင်သော်လဲ အလုံးစုံကို မပြောနိုင်ဘဲ "သ" ဆိုတဲ့ စကားလေးဆုံးတယ်ဆိုရင်ဘဲ ပြန်ပြီး နစ်မြုပ်သွားရရှာတယ်။

http://www.dhammadownload.com



**'န' သူဌေးသား၏ နောင်တတရား**

"န" ဆိုတဲ့သူဌေးသားကလဲ "သူငယ်ချင်းတို့....ငါတို့ခံစားပြီးနေရတဲ့ ဒီငရဲဆင်းရဲကဘယ်တော့များမှ လွတ် ပါ့မလဲ၊ လွတ်ဖို့လမ်းဖြင့် ငါမမြင်တော့ပါဘူး၊ အေးလေ ဒို့ပြုခဲ့တဲ့ အကုသိုလ်ကံကလဲ အနှစ်(၂) သောင်းတိုင်တိုင် မကောင်းမှုမျိုးစုံ ကို ဇက်ရဲလက်ရဲနဲ့ လုပ်ခဲ့ကြတာကိုး၊ ဒါဆိုတော့ ဒီအကုသိုလ် ကုန်နိုင်ဖွယ် ဘယ်ရှိပါ့မလဲ"လို့ ပြောချင်သော်လဲ စုံအောင် မပြောနိုင်ဘဲ "န" ဆိုတဲ့ စကားလုံးအဆုံးမှာ ပြန်ပြီး နစ်မြုပ်သွားခဲ့ရရှာတယ်။

## 'သော' သူဌေးသား၏ နောင်တ တရား

နောက်ဆုံး "သော" ဆိုတဲ့ သူဌေးသားက ဘယ်လိုညည်းပြန်သလဲ ဆိုရင်-

**သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ၊**
**ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။**

သောဟံ - ထိုငါသည်။ ဣတော-ဤလောဟကုမ္ဘီသံရည်ပွက်ထိုး ငရဲအိုးထဲမှ၊ ဂန္တွာ-လွတ်မြောက်၍၊ မာနုသိံ ယောနိံ -လူ့ဘုံ၌သာန လူ့ဘဝကို။ လဒ္ဓါန-ဒီတစ်ခါရသည်ရှိသော်၊ ဝဒညူ-

http://www.dhammadownload.com



ဖုန်းတောင်းယာစကာ အတောင်းလာလျှင် ကောင်းစွာနှစ်ခြိုက်၊ အလိုက်သိသူသည်၊ ဘဝိဿာမိ-ဖြစ်တော့အံ့။ သီလသမ္ပန္နော-(၅)ပါး၊ (၈) ပါးအစထား၍ များလှသောင်းသောင်း သီလအပေါင်းနှင့် ပြည့်စုံသူသည်လည်း၊ ဘဝိဿာမိ-ဖြစ်တော့အံ့။ ဗဟုံ-ဆိုခဲ့ပြီးမှတပါး များပြားလှစွာသော၊ ကုသလံ-ကုသိုလ်ကို၊ ကာဟာမိ-ပြုလိုက်အံ့။

"ဒီတစ်ခါ ငရဲကလွတ်ပြီး လူ့ဘဝသာ ပြန်ရောက်ခဲ့ရင် အကုသိုလ်ဆိုရင် ဘာတစ်ခုမှ မပြုတော့ဘူး၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ကိုယ်နှင့်နှုတ်ကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်း၊ ဘုရားဂုဏ်တော်ကို အာရုံပြုခြင်း၊ မေတ္တာပွားခြင်း၊ ခန္ဓာကိုယ်နှင့် စိတ်မှာ ဖြစ်ပေါ်သမျှကို ဖြစ်ပေါ်တဲ့အတိုင်း သတိဦးစီးတဲ့စိတ်နဲ့ ရှုးစိုက်စွာ ရှုခြင်း စတဲ့ ကုသိုလ်တရားတို့ကိုသာလျှင် အချိန်ရှိတိုင်း၊ အခွင့်သာတိုင်း၊ ပြုလုပ်အားထုတ်တော့မယ်။ ဒီကုသိုလ်တရားတွေကမှ ဒို့ရဲ့ အားကိုးရာ အားထားရာ မှီခိုရာဖြစ်ပြီး ချမ်းသာပေးမယ်" လို့ ပြောချင်သော်လဲ ဆုံးအောင် မပြောနိုင်ဘဲ သံရည်ဗွက်ထိုးငရဲအိုးထဲ တစ်ခါပြန် ပြီး နစ်မြုပ်သွားရရှာတယ်။ ကြောက်စရာမကောင်းဘူးလား ယောဂီတို့။ (ကောင်းပါတယ်ဘုရား။)

http://www.dhammadownload.com



ဒီလောက်ထိ ကြောက်စရာကောင်းတဲ့ အာရုံ ကာမဂုဏ် ဝဲတွေပါလားလို့ သဘောပေါက်ပြီး ယောဂီတို့လဲ ဒီသူဌေးသား တွေလို နောင်တ နောင်တနဲ့ နောင်မှ မတရလေအောင် ယခုလို ဗုဒ္ဓမြတ်စွာ သာသနာတွင်းမှာ လူဖြစ်နေခိုက်၊ ကိုယ့်မှာလဲ လှူနိုင် တန်းနိုင်၊ သီလစောင့်နိုင်၊ သမထဘာဝနာ ဝိပဿနာဘာဝနာပွားများ ခွင့်သာခိုက် ဒါနကုသိုလ်ပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာ ပွားခြင်း စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခြင်းဖြင့် ရလာတဲ့ အခွင့်ကောင်းကို တန်ဖိုးရှိရှိ အသုံးပြုကြဖို့ ဦးပဥ္စင်းတို့ အနေဖြင့် တိုက်တွန်းလိုပါတယ်။ ပစ္စည်းဥစ္စာ မရှာရဘူးမဟုတ်၊ ရှာပါ။ သို့သော် အပြစ်ကင်းနိုင်သမျှ ကင်းအောင် ရှာဖွေကြပါ။ မဝတ်ရ၊ မစားရဘူး မဟုတ်၊ ဝတ်ပါ စားပါ။ သို့သော် ကုသိုလ်တရားတို့ကို မေ့လောက်အောင် မဝတ်ကြ မစားကြပါနဲ့။ ကုသိုလ်တရားတို့ကို မမေ့ကြမှသာ ကာမဂုဏ် ဝဲစုပ်ခံရခြင်းဘေးက လွတ်၍ မဂ္ဂင်ရေယဉ်ကြောမှာ မျော လို့ နောက်ဆုံး နိဗ္ဗာန်ကို ရောက်ကြမှာ ဖြစ်တယ်။ ကိုင်း လိုက်ဆိုကြပါ။

**အာရုံငါးပါး၊ တပ်မက်ငြား၊ မှတ်သားဝဲစုပ်သည်။**

http://www.dhammadownload.com



နောက်တစ်ချက် ရဟန်းတော်ကလေးက ဘယ်လိုမေး လိုက် သလဲဆိုရင်-

**ကောနုခေါ ဘန္တေ အန္တောပူတိဘာဝေါ**

"ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သစ်တုံး အတွင်းပုပ်ရင် သမုဒ္ဒရာထဲ မရောက်သလို ရဟန်းလဲ အတွင်းပုပ်ရင် နိဗ္ဗာန်မရောက်ဘူးလို့ ရှင်တော်မြတ် ဘုရား ဟောကြားပါတယ်။ ရဟန်းအတွင်းပုပ်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲဘုရား"လို့ လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက "ချစ်သားရဟန်း-ရဟန်း အတွင်း ပုပ်တယ်ဆိုတာ ကိုယ်ကျင့်တရားပျက်ပြားတာကို ဆိုလို တယ်။ ရဟန်းမှာ ရဟန်းဆိုင်ရာ ကိုယ်ကျင့်တရား၊ ရှင်သာမဏေမှာ ရှင်သာမဏေဆိုင်ရာ ကိုယ်ကျင့်တရား၊ လူမှာလဲ လူဆိုင်ရာ ကိုယ်ကျင့်တရား၊ ယောဂီများမှာလဲ ယောဂီဆိုင်ရာ ကိုယ်ကျင့်တရား မရှိရင် (သို့) ပျက်ပြားနေရင် အတွင်းပုပ်တယ်လို့ ဆိုလိုတယ်။ အတွင်းပုပ်လို့ သီလမရှိ၊ သီလပျက်ယွင်းတဲ့အခါ ဒီအကြောင်း ရှင် လူ သိမှာစိုးတော့ ဖုံးကြ ကာကွယ်ကြတယ်။ ဟန်ဆောင်ကြတယ်။ ဒါကို အတွင်းပုပ်တယ်လို့ ပြောတာပါ။ ဒါကြောင့် ယောဂီတို့

http://www.dhammadownload.com



**ကိုယ်ကျင့်မပေါ့ ဟာန်ဆောင်တာ၊ တွင်းမှာပုပ်ခဲ့ဒေါ့ဆည်း။**

ဒီလို မသိတာ မရှင်းတာကို ရဟန်းတော်က မေး၍ မြတ်စွာဘုရားရှင်က ဖြေကြားပြီး ဟောနေတဲ့ တရားသံကို မနီးမဝေး မြက်ခင်းပေါ်မှာ နွားကျောင်းနေတဲ့ "နန္ဒ" နွားကျောင်းသား ကလေးက စူးစိုက်စွာ နာကြားနေတယ်။ နာကြားရင်း ဒီအပြစ်ရှစ်ချက်က ကင်းလွတ်အောင် ကျင့်လိုကြံလိုတဲ့ သဒ္ဓါဆန္ဒတွေဖြစ်ပြီး မြတ်စွာဘုရားကို လျှောက်ထားတယ်။ "ရှင်တော်မြတ်ဘုရား တပည့်တော်သည်-

ဤဘက်ကမ်းကိုလည်းမတင်၊ ဟိုဘက်ကမ်းကိုလည်း မတင်၊ ရေလယ်လည်းမမြုပ်၊ သောင်ပေါ်လည်းမတင်၊ လူ ဆယ် လည်း မခံရ၊ နတ်ဆယ် လည်းမခံရ၊ ဝဲလည်းမစုပ်၊ အတွင်းလည်းမပုပ်အောင် ကျင့်ကြံလိုပါ တယ်။ ဒါကြောင့် တပည့်တော်ကို ရဟန်းပြုပေးပါဘုရား" လို့ လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက-

"နန္ဒ- သင်ကျောင်းနေတဲ့ နွားတွေကို ပိုင်ရှင်များထံ ပြန်အပ် ချေဦး" လို့ မိန့်တော်မူတဲ့အခါ၊ "မြတ်စွာဘုရား၊ တပည့် တော်ရဲ့နွားတွေဟာ ပြန်အပ်ရန် မလိုပါ။ အချိန်တန်ရင် အားလုံးပြန် ကြပါလိမ့်မယ်။" "နန္ဒ၊ ဒီလိုမဟုတ်သေးဘူး၊ သင်ကိုယ်တိုင် ပိုင်ရှင်

http://www.dhammadownload.com



များထံ သေသေချာချာ ပြန်အပ်ပြီးမှ ရဟန်းပြုခွင့် ပေးမယ်" လို့ မိန့်တော်မူလိုက်တယ်။ ဒီတော့မှ "နန္ဒ"သွားကျောင်းသားသည် နွား အားလုံးကို ပိုင်ရှင်များထံ ပြန်အပ်ပြီး ရှင်တော်မြတ်ဘုရားထံ ပြန်၍ ရှင်ရဟန်းပြုတယ်။

**အပြစ်ကင်းစင် နိဗ္ဗာန်ဝင်** တကယ်အားထုတ်လိုတဲ့ သဒ္ဓါတရားနဲ့ ရဟန်း ပြုခဲ့တာဆိုတော့ ဆိတ်ငြိမ်ရာအရပ် တစ်ပါး တည်းသွားပြီး ကိုယ်နှင့် အသက်ကို မငဲ့ညှာဘဲ ဆိုခဲ့တဲ့အပြစ် ရှစ်ချက်ကလွတ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တယ်။ ယောဂီတို့-နန္ဒရဟန်း အပြစ်ရှစ်ချက်က ကင်းအောင် ဘယ်လိုများ ကျင့်ကြံ ကြိုးကုတ်အားထုတ်မယ်ထင်သလဲ။ (ရှင်းပြတော်မူပါ ဘုရား။) ကဲ- ဒီလိုဆိုလဲ လိုက်ဆိုကြပါ။

**အပြစ်ရှစ်ပါး၊ ကင်းလိုကြား၊ ရှုမှားနေရမည်။**

**မြင်၊ ကြား၊ နံ၊ စား၊ တွေ့၊ သိ များ ရှုမှားနေရမည်။**

**ရှုမှားနေက၊ ထိုကာလ၊ လောဘ မဖြစ်ပြီ။**

**လောဘကင်းလျှင်၊ ဖွဲ့လမ်းစင်၊ ကံပင်မပြုပြီ။**

**ကံမပြုက၊ နောက်ဘဝ၊ မုချမရပြီ။**

**ဘဝကင်းလျှင်၊ ဆင်းရဲစင်၊ ပြေးဝင်နိဗ္ဗာန်ပြည်။**

**ပေါ်တိုင်းရှုမှား၊ ကျိုးတရား၊ ရှောင်းချမ်းသာအလီလီ။**

http://www.dhammadownload.com



ခုပြောခဲ့တဲ့ ဤဘက်ကမ်းတင်ခြင်း စတဲ့ အပြစ်ရှစ်ချက်ကို စိစစ်ကြည့်တဲ့အခါ ဤဘက်ကမ်းတင်တယ်ဆိုတာ မျက်စိစတဲ့ အတွင်းအာယတန(၆)ပါးကို အကြောင်းပြုပြီး သတ္တဝါတို့ရဲ့ သန္တာန်မှာ ကိလေသာတရားတွေ ဖြစ်တာမဟုတ်လား။ (မှန်ပါ့ဘုရား။)

ဟိုဘက်ကမ်းတင်တယ်ဆိုတာလဲ အဆင်းစတဲ့ အပြင်အာယတန(၆)ပါးကို အကြောင်းပြုပြီးတော့ သတ္တဝါတွေရဲ့ သန္တာန်မှာ လောဘစတဲ့ ကိလေသာတရားတွေ ဖြစ်တာမဟုတ်လား။ အဲဒီလိုပဲ ရေလယ်မြုပ်တယ်၊ သောင်ပေါ်တင်တယ်၊ လူဆယ်၊ နတ်ဆယ်၊ ဝဲစုပ်၊ အတွင်းပုပ်တယ် ဆိုတာတွေဟာလဲ သတ္တဝါတို့ရဲ့ သန္တာန်မှာ လောဘစတဲ့ ကိလေသာတရားဆိုးတွေ ဖြစ်ပွားနေတာပဲ မဟုတ်လား။ (မှန်ပါ့ဘုရား။)

ဒီတော့ အပြစ်ရှစ်ပါးဆိုတာက အကျဉ်းချုပ်လိုက်ရင်ဖြင့် သတ္တဝါတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ လောဘ စတဲ့ ကိလေသာတရားဆိုးတွေပဲလို့ သိကြရမယ်။ အဲဒီ ကိလေသာတရားဆိုးတွေ မဖြစ်အောင် မျက်စိဖြင့် အဆင်းကိုမြင်တိုင်း၊ မြင်တာကို "မြင်တယ် မြင်တယ်" လို့ ရှုရမယ်။ နားဖြင့် အသံကိုကြားတိုင်း၊ ကြားတာကို

http://www.dhammadownload.com



"ကြားတယ်ကြားတယ်" လို့ ရှုရမယ်။ နှာခေါင်းဖြင့် အနံ့ကို ရှူရှိုက်မိတိုင်း ကောင်းကောင်းဆိုးဆိုး ဘယ်အနံ့မျိုးကိုမဆို နံရင် "နံတယ်"၊ မွှေးရင် "မွှေးတယ်" လို့ ရှုရမယ်။ လျှာဖြင့် ကောင်းကောင်းဆိုးဆိုး အရသာမျိုးစုံကို တွေ့ထိ ခံစားတဲ့ အခါမှာလဲ "စားတယ် စားတယ်" လို့ ရှုရမယ်။ ခန္ဓာကိုယ်ဖြင့် တွေ့ထိစရာ အာရုံအလုံးစုံကို တွေ့ထိတိုင်းလဲ "တွေ့ထိတယ် တွေ့ထိတယ်" ဖြင့် တွေ့ထိလာတဲ့အာရုံကိုပဲ ရှုသိနေရမယ်။ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ကြံသိမှုသဘောတရား အားလုံးကိုလဲ ဖြစ်ပေါ်လာတဲ့ အာရုံအတိုင်းပဲ ရှုသိနေရမယ်။

အဲဒီလို မြင်တိုင်း ကြားတိုင်း ရှုမှတ်နေရင် ယောဂီတို့ရဲ့ သန္တာန်မှာ ရှုမှတ်စိတ်အစဉ်တွေချည်း ဖြစ်နေတော့ လောဘစတဲ့ ကိလေသာ တရားဆိုးတွေ ဖြစ်နိုင်ပါဦးမလား။ (မဖြစ်နိုင်ပါ ဘုရား။) ဟုတ်တယ်။ လောဘစတဲ့ ကိလေသာတွေ ဖြစ်တယ်ဆိုတာ လှူသဏ္ဌာန်၊ နတ်သဏ္ဌာန်၊ ယောကျ်ား၊ မိန်းမ ပုံသဏ္ဌာန်၊ အိုးအိမ်တိုက်တာပုံသဏ္ဌာန်အနေနဲ့ ထင်မြင်နေလို့သာ။ တစ်နည်းပြောရရင် ပညတ်ပေါ်မှာ တင်နေလို့သာ သာယာ နှစ်သက် စွဲလန်းတွယ်တာပြီး ကိလေသာ တရားတွေဖြစ်နေကြတာ။ အဲဒီပုံသဏ္ဌာန် ဒြပ်တွေလို့ မထင်မမြင်တော့ရင် သာယာနှစ်သက် စွဲလမ်း

http://www.dhammadownload.com



တွယ်တာပါတော့မလား။ (မတွယ်တာပါဘုရား။)

အဲဒီလူပုံသဏ္ဌာန်၊ နတ်၊ ဗြဟ္မာ၊ ယောကျ်ား၊ မိန်းမ အစရှိတဲ့ ပုံသဏ္ဌာန်ပညတ်တွေလို့ ထင်နေတာကတော့ ဘာကြောင့် ထင်နေကြသလဲ။ အကြောင်းရင်းက မြင်တိုင်း၊ ကြားတိုင်း၊ မြင်ခိုက် ကြားခိုက်မှာ သတိဦးစီးတဲ့စိတ်နဲ့ မရှုမမှတ်ကြလို့ဘဲဖြစ်တယ်။ အဲဒီလို မြင်ခိုက် ကြားခိုက်မှာ မရှုတော့ သတ္တဝါတွေရဲ့ စိတ်ဟာ မတည်ငြိမ်ဘူးပေါ့။ စိတ်မတည်ငြိမ်တော့ အရှုခံ အာရုံရဲ့ ရုပ်သဘာဝ နာမ်သဘာဝဆိုတဲ့ သဘောမှန်ကို မသိ မမြင်နိုင်ကြဘူး။ သိမြင်နိုင်ကြပါ့မလား။ (မသိနိုင်ပါ ဘုရား။)ဘာလို့ မသိနိုင်ကြတာလဲ။ (စိတ် မတည်ငြိမ်လို့ပါ ဘုရား။) ဘာကြောင့် စိတ်က မတည်ငြိမ်ရတာလဲ။ (မြင်ခိုက် ကြားခိုက် စသည်မှာ မရှုကြလို့ပါ ဘုရား။)

ဒါကြောင့် မြင်ခိုက် ကြားခိုက် စသည်မှာ သတိဦးစီးတဲ့ စိတ်နဲ့ ရှုးရှုးစိုက်စိုက်ရှုဖို့ မလိုအပ်ဘူးလား။ (လိုအပ်ပါတယ်ဘုရား။)

အဲဒီလိုရှုမှသာ စိတ်တည်ငြိမ်ပြီး အရှုခံ ရုပ်သဘာဝ နာမ်သဘာဝကို ရုပ်နာမ် သဘာဝမျှပဲလို့ သိလာမယ်။ အဲဒီအသိဟာ အမှန်သိလား၊ အမှားသိလား။ (အမှန်သိပါ ဘုရား။) ဘာကြောင့်

http://www.dhammadownload.com



အမှန်သိလို့ ပြောနိုင်သလဲ။ (အရှိသဘာဝကို သိလို့ပါဘုရား။) အဲဒါ သတိထားရမယ်။ အရှိသဘာဝကို အရှိအတိုင်း သိတဲ့ ဉာဏ်ကမှ အမှန်သိလို့ ခေါ်တယ်။ သမ္မာဒိဋ္ဌိပေါ့။

အမှန်ကို သိလိုက်တဲ့အခါ အမှားသိပျောက်သွားတယ်။ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ စတဲ့ ပုံသဏ္ဌာန် ဒြပ်အနေနဲ့ မြင်နေ သိနေတဲ့ အသိမှားတွေ ပျောက်ကွယ်သွားပြီလို့ ဆိုလိုတယ်။ အဲဒီတော့ ဂါ သူတစ်ပါး ယောကျ်ား မိန်းမ လူ နတ် စတဲ့ ပုံသဏ္ဌာန် ထင်ပြီး သာယာ တပ်မက်တဲ့ လောဘစတဲ့ကိလေသာတွေ မဖြစ်တော့ဘူး။

ဒါကြောင့် အဲဒီ လောဘစတဲ့ ကိလေသာတရားဆိုးတွေ မိမိတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်ခွင့် မရအောင် မြင်တိုင်း ကြားတိုင်း မြင်ခိုက် ကြားခိုက် စသည်မှာ သတိဦးစီးတဲ့စိတ်နဲ့ ရှုမှတ်ပွားများ နေရမယ်။ အဲဒီလို ရှုပွားနေတဲ့ ယောဂီရဲ့ သန္တာန်မှာ ဒီအာရုံတွေကို လိုချင်နှစ်သက်တပ်မက်တဲ့ တဏှာလောဘဖြစ်ပါ့မလား။ (မဖြစ်ပါ ဘုရား။) တဏှာလောဘမဖြစ်ရင် ဒီအာရုံတွေကို မရမနေ စွဲလမ်း တွယ်တာတဲ့ ဥပါဒါန်တရားကော ဖြစ်ပါဦးမလား။ (မဖြစ်တော့ပါ ဘုရား။)

http://www.dhammadownload.com



တဏှာဥပါဒါန်မှ မဖြစ်ရင် ဒီအာရုံတွေကို ရအောင် ကိုယ် နှုတ် စိတ်တို့ဖြင့် ကောင်းမှု၊ မကောင်းမှုတို့ကို ပြုလုပ်အားထုတ်ပါဦးမလား။ (မပြုလုပ်တော့ပါဘုရား။) မပြုလုပ်ရင် ဇာတိလို့ခေါ်တဲ့ နောက်ဘဝသစ်တစ်ဖန်ဖြစ်ပါဦးမလား။ မဖြစ်တော့ပါဘုရား။ ဘဝသစ် မဖြစ်တော့ဘူးဆိုတဲ့နေရာမှာ မကောင်းတဲ့ အကုသိုလ်ကံကို မလုပ်သည့်အတွက်ကြောင့်လဲ အပါယ်ဇာတိကို မရတော့ဘူး။ ကောင်းတဲ့ ကုသိုလ်ကံတွေကို ပြုလုပ်သော်လဲ ဘဝတဏှာ ကုန်ခန်းပြီး ဖြစ်သောကြောင့် ကောင်းတဲ့ ဘဝတွေလဲ မဖြစ်ပေါ်တော့ဘူး။ ဇာတိခေါ်တဲ့ ဘဝသစ်ဖြစ်မှုအားလုံး ချုပ်ငြိမ်းသွားပြီ။

အဲဒီလို ဘဝသစ်ပြတ်ပြီဆိုရင် အိုဦးမလား။ (မအိုတော့ပါဘုရား။) သေဦးမလား။ (မသေတော့ပါ ဘုရား။) စိုးရိမ်ပူဆွေးငိုကြွေးမှု၊ ကိုယ်စိတ်ဆင်းရဲစတဲ့ ဆင်းရဲအားလုံးဟာ ဘဝသစ် ဖြစ်မှုကြောင့်သာ ဖြစ်ပေါ်ရရှိလာရတဲ့ ဆိုးကျိုးတွေပဲ။ ဇာတိပြတ်လျှင် ဇာတိမှ မဖြစ်တော့ရင် ဆင်းရဲအားလုံးကင်းစင်သွားပြီပေါ့။ ဒါကြောင့် -

http://www.dhammadownload.com



**လောကီပြတ်လျှောင်၊ ဆင်းရဲစင်၊ ဖြေးဝင်နိဗ္ဗာန်ပြည်၊**

**ပေါ်တိုင်းရှုမှား၊ ကျိုးတရား၊ ရှင်းချမ်းသော အလီလီ။**

ဆိုတဲ့အတိုင်း ဆင်းရဲခပ်သိမ်း ကင်းငြိမ်းသွားပြီဆိုတော့ နိဗ္ဗာန် ရောက်ပြီမဟုတ်လား။ (မှန်လှပါဘုရား။)

ခုလဲ နန္ဒရဟန်းတော်ဟာ ခုပြောခဲ့တဲ့အတိုင်း ရှုမှတ်ပွား များအားထုတ်လိုက်တာ အပြစ်ရှစ်ချက်က ကင်းလွတ်ပြီး အရဟတ္တ မဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် အို နာ သေဘေးကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရတယ်။

ဒီတော့ ယောဂီတို့လဲ 'နန္ဒ' ရဟန်းတော်လို ဤဘက်ကမ်း တင်ခြင်း စတဲ့ အပြစ်ရှစ်ချက်က ကင်းလွတ်၍ မဂ္ဂင်ရေယဉ်ကြော မျောကာ နောက်ဆုံးသမုဒ္ဒရာနဲ့တူတဲ့ နိဗ္ဗာန်ကို အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်အောင် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ခေါ်တဲ့ ဒွါရ ခြောက်ပါးမှာ ပေါ်လာသမျှ အာရုံ တို့ကို ပေါ်ခိုက် ပေါ်ခိုက်မှာ ပေါ်လာတဲ့အတိုင်း ထင်ရှားရာကို သတိ ဦးစီးတဲ့စိတ်နဲ့ ရှုးရှုးစိုက်စိုက် ရှုမှတ်ပွားများအားထုတ်ကြပါ။ အားထုတ်နိုင်ကြတဲ့အတိုင်း သမုဒ္ဒရာနဲ့တူသော နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်လွယ် မျက်မှောက်ပြုလွယ် နိုင်ကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



# ဆုတောင်းမေတ္တာ

**သူတော်တရား၊ ကျောင်းကြဲများ၊ ပယ်ရှားနိုင်စေ၊ ဆင်းရဲတွေ၊**

**ဆင်းရဲပယ်ရှား၊ ချမ်းသာများ၊ လိုလားပြည့်စေ အထွေထွေ။**

**လိုတာပြည့်ကာ၊ နိဗ္ဗူဗ္ဗာ၊ မြန်စွာရောက်စေ၊ သူတော်တွေ။**

# သတိပဋ္ဌာန်လမင်း

ရှင်တော်ဗုဒ္ဓ၊ သာသနာ့ဝေဟင်၊

သတိပဋ္ဌာန်လမင်း၊ ထိန်လင်းကြည်လင်၊

ရောင်ခြည်အေးမြ၊ ဖြာကျနေစဉ်၊

နိုးသူများ၊ ရှုပွား အပူစင်။

ကာမဂုဏ်မှောင်တိုက်၊ အိပ်ငိုက်သူတွေ၊

လင်ရေး မယားရေး၊ ရှုပ်ထွေးလိမ်ပွေ၊

သားရေး သမီးရေး၊ ပူဆွေးဗျာပွေ၊

လရောင်နှင့်၊ တွေ့ခွင့် မကြုံပေ၊

အပူမီး၊ ထိန်ညီးတောက်လောင်နေ။

http://www.dhammadownload.com



## သတိပဋ္ဌာန်၏ အကျိုး "ရ" ပါး

ကိလေသစ်ကြေး၊ ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးကင်းရန်၊
ကိုယ်စိတ်ဆင်းရဲ၊ ချုပ်စဲဖို့ရန်၊
မဂ်နိဗ္ဗာန်၊ အမြန် ဆိုက်ရောက်ရန်၊
တစ်လမ်းထဲ၊ ပွားမြဲ သတိပဋ္ဌာန်။

## သတိပဋ္ဌာန်ရှုပုံအကျဉ်း
## ထိုင်ပုံ

ဘာဝနာကို၊ အားထုတ်လို၊ ဒီလို ပြုပါလေ။
တောတောင်အရိပ်၊ သစ်ပင်ရိပ်၊ တိတ်ဆိတ်ရာမှာနေ။
တင်ပျဉ်ခွေကာ၊ ခါးဖြောင့်ကာ၊ ငြိမ်စွာထိုင်ပါလေ။
မလှုပ်မရှား၊ ကျောက်ရုပ်လား၊ ခေါင်းထား တည့်မတ်စေ။
မျက်စိမှိတ်လျက်၊ လက်နှစ်ဖက်၊ ရင်ခွင်ထက်မှာ ထားပါလေ။

http://www.dhammadownload.com



# ရှုပုံ

ရှုစရာ၌၊ စိတ်ကိုစိုက်၊ ဦးတိုက်ထားပါလေ။

ဖောင်းတာ ပိန်တာ၊ အစဖြာ၊ ပေါ်ရာ ရှုပါလေ။

စိတ်ပြေးစိတ်လွင့်၊ မထိန်းနှင့်၊ အသင့်ရှုပါလေ။

ကြံ့စည်စဉ်းစား၊ တွေးစိတ်များ၊ မမှား ရှုပါလေ။

နာတာကျဉ်တာ၊ ညောင်းညာတာ၊ သေချာ ရှုပါလေ။

ထုံကျဉ်ကိုက်ခဲ၊ ယားယံလဲ၊ စွဲမြဲရှုပါလေ။

ပြောင်းချင်ပြင်ချင်၊ မပြုပြင်၊ ပြင်ချင်စိတ်ကို ရှုပါလေ။

ဝမ်းနည်းဝမ်းသာ၊ ခံစားတာ၊ သေချာရှုပါလေ။

ဆင်းရဲချမ်းသာ၊ ခံစားတာ၊ သေချာရှုပါလေ။

မြင်ကြားနံစား၊ တွေ့သိများ၊ မမှားရှုပါလေ။

ခြောက်ဒွါရ၌၊ ဖြစ်ပေါ်ခိုက်၊ စူးစိုက်ရှုပါလေ။

စူးစိုက်ရှုလျှင်၊ အမှန်မြင်၊ ပြေးဝင် နိဗ္ဗာန်ပြေ (ပြည်)။

http://www.dhammadownload.com



## စကြံ

ဘယ်လှမ်းညာလှမ်း၊ ဖြည်းဖြည်းလှမ်း၊ ခြေလှမ်းစိတ်ပါစေ။

ဟိုဒီမကြည့်၊ ရှေ့တည့်တည့်၊ ရှုကြည့်အမြဲပေ။

မျက်လွှာကိုချ၊ လေးတောင်မျှ၊ ကြည့်ရအမှန်ပေ။

ကြွတာ လှမ်းတာ၊ ချလိုက်တာ၊ သေချာရှုပါလေ။

မကြွခင် ကြွချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။

မလှမ်းခင် လှမ်းချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။

မချခင် ချချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။

စင်္ကြံ လျှောက်စဉ်၊ စိတ်လွင့်လျှင်၊ စိတ်ပင် ရှုပါလေ။

## သမ္မဇဉ

လက်ခြေကွေးလျှင်၊ မြှောက်ချလျှင်၊ ဆန့်လျှင် ရှုပါလေ။

ကွေးချင် ဆန့်ချင်၊ မြှောက်ချချင်၊ ပြုချင်စိတ်လဲ ရှုပါလေ။

ရှေ့ကြည့်နောက်ကြည့်၊ ဘေးကိုကြည့်၊ ကြည့်မိလျှင်လဲ ရှုပါစေ

ကြည့်လို့မြင်လဲ၊ မြင်တယ်ပဲ၊ စွဲမြဲ့ရှုပါလေ။

မျက်နှာသစ်ရာ၊ ရေချိုးရာ၊ စားသောက်ရာလဲ ရှုပါလေ။

ပေါ့လေးစွန့်ရာ၊ လျှော်ဖွပ်ရာ၊ ထိုင်ထရာလဲ ရှုပါလေ။

http://www.dhammadownload.com



အိပ်ရာပြင်လျှင်၊ အိပ်, နိုးလျှင်၊ ထလျှင် ရှုပါလေ။

ဖြည်းဖြည်းလှုပ်ရှား၊ ဖြည်းဖြည်းသွား၊ ရှုပွားအမြဲပေ။

လူမမာနှင့်၊ တူစွာကျင့်၊ ရှုခွင့်သာလှပေ။

အသေးစိတ်မှုရာ၊ အဖြာဖြာ၊ သေချာ ရှုသင့်ပေ။

ရှေ့နောက်ရှုမှတ်၊ မှတ်ချင်းစပ်၊ ရလတ်မဂ်ဖိုလ်ပေ။

## တရားတိုးတက်ကြောင်း ၇ ပါး

ကိစ္စမများ၊ အအိပ်ပါး၍၊ စကားလည်းနည်း၊ ဖော်ရှောင် လွှဲ လျက်၊ မတွဲမိတ်ဆိုး၊ လိုဆိုးကင်းလတ်၊ ပြီးမသတ်ဘဲ၊ မရပ် မနား၊ ရှုမှတ်ငြား၊ တရားမြန်မြန်ရမည်တည်း။

## တရားဆုတ်ယုတ်ကြောင်း ၇ ပါး

ကိစ္စထွေပြား၊ အအိပ်များ၍၊ စကားလည်းပြော၊ ဖော်မက် မောလျက်၊ ဆိုးသောမိတ်ရှိ၊ လိုဆိုးပြည့်၍၊ မိမိတရား၊ မပြီးငြားဘဲ၊ စိတ်အားလက်လျှော့၊ အိမ်ပြန်ပေါ့၊ ဘယ်တော့ တရားရမည်နည်း။

http://www.dhammadownload.com



## ယောဂီအင်္ဂါ = ပဓာနိယင်္ဂတရား (၅) ပါး

ယုံကြည် ကျန်းမာ၊ ဖြောင့်မှန်စွာ၊ ပညာ ဝီရိယ။
ယောဂီအင်္ဂါ၊ ဤငါးဖြာ၊ သေချာ မှတ်ပါကြ။
အင်္ဂါငါးပါး၊ ပြည့်စုံငြား၊ တရားသေချာရ။
အင်္ဂါငါးပါး၊ မစုံငြား၊ တရားမှန်မရ။

## သောတာပန်ဖြစ်ရန် အင်္ဂါ (၄) ပါး

သူတော် သူမြတ်၊ ဆည်းကပ်မှန်စွာ။
သူမြတ်တရား၊ နာကြားသေချာ။
သင့်အောင်စိတ်ထား၊ တရားကျင့်ရာ။
သောတာစစ်၊ ဖြစ်ဖို့ ကြောင်းလေးဖြာ။

## အောင်မြင်ကြောင်းတရား

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။
ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။
စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။
လုံ့လနှင့်ခွဲ၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။
အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား။

(ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်)

http://www.dhammadownload.com

# အရှင်ကုန္ဒကာ၏ ဓမ္မလက်ဆောင်မွန်

## ဓမ္မဒါန စာအုပ် အလှူရှင်များ

၁။ ဦးလှမိုး – ဒေါ်ရီရီဝေ မိသားစု
အမှတ် (၁၀၆)၊ (၁၈) လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဦးစိုးဝင်း – ဒေါ်ခင်အုန်းမြင့် မိသားစု
(၈)၅၄၊ အောင်သပြေလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ဦးတင်ထွန်း – ဒေါ်သန်းသန်းကြည် မိသားစု
အမှတ် (၉၄)၊ (၂၁) လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

၄။ မမြင့်မြင့်နွယ်
အမှတ် (၆၂)၊ (၁၃) လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၅။ **ဦးထိုက်စံ – ဒေါ်သန်းသန်းဝင်း မိသားစု**

အမှတ် (၆၅)၊ (၁၆၄) လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၆။ **ဦးတင်ဦး – ဒေါ်သန်းသန်း မိသားစု**

အမှတ် (၇၇)၊ (၁၄) လမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၇။ **ရွှေဇင်ယော် မိတ္တူနှင့် ကွန်ပျူတာစာစီလုပ်ငန်း**

အမှတ် (၂၇)၊ စဥ့်အိုးတန်းလမ်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

၈။ **ဦးထွန်းတင် – ဒေါ်ယဥ်ယဥ်မြင့် မိသားစု**

အမှတ် (၆၉၆)၊ မဟာဗန္ဓုလလမ်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။